မန္တလေးမြို့
အဓဝရာရာမ ရန်ကင်းကျောင်းတိုက်

## ဆရာတော် အရှင်ဩဒါတသိရီဘိဝံသ

၏

# စိပံဖြယ်လှယ် ကံနှစ်သွယ်



သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၂

မဟာကရုဏာတော်သခင် ဘုရားရှင်သည် လောက၏အကျိုးကို ဆောင်ရန်ပွင့်တော်မူလာသည်

# အရှင်ပြဿဒါလသိရိဘိဝံသ

အဓိပတိဆရာမ ရန်ကင်းကျောင်းတိုက်



၂၉၄.၃ ၂၇၈၆၇
ဩဒလ

................၂-၁၉..........သို့

......................................

......................................၏

အမှတ်တရ ဓမ္မဒါန

ဦးဩဒါတသိရီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယက
အဝေရာရာမရန်ကင်းကျောင်းတိုက်
၄၁လမ်း×လမ်း၉၀ထောင့်၊သံလျှက်မှော်အရှေ့ရပ်ကွက်
မဟာအောင်မြေမြို့နယ်၊အနောက်စာတိုက်၊မန္တလေးမြို့။
ဖုန်း-၀၂-၃၀၁၁၃၆၊ ၀၉-၅၁၆၆၆၈၅



မန္တလေးမြို့
အဝေရာရာမ ရန်ကင်းကျောင်းတိုက်

# ဆရာတော် အရှင်ဩဒါတသိရိဘိဝံသ

နိုင်ငံတော်သံဃမဟာနာယက
အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အခိုးရနှင့် သကျသီဟ မွှာစရိယ၊ ပိဋ္ဌိပါရဂူ
ရေးသားစီရင်အပ်သော

# ဓိပ်ပြယ်လှယ် ကံနှစ်သွယ်



( ဒုတိယအကြိမ် )


သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၂

အမှတ် ၂၇၈၆၇
ရက်စွဲ
သုတေသနစာကြည့်တိုက်

စီစဉ်သူ

ဒေါက်တာနာဂဝံသာလင်္ကာရ (M.A . Ph.D)

ကွန်ပျူတာ စာစီ
အဝေရာ

အပြင်အဆင် နှင့် ဒီဇိုင်း
အရှင်ဇဋိလ (အဝေရာ)

မျက်နှာဖုံးဒီဇိုင်း
*mgmglinnsay (shwethar)*

စာအုပ်ချုပ်
အောင်ရတနာအော့ဖ်ဆက်

ပုံနှိပ်
အောင်ရတနာအော့ဖ်ဆက် နှင့် ကွန်ပျူတာဒီဇိုင်း
၃၈ × ၃၉လမ်း၊ ၈၁ × ၈၂လမ်းကြား၊ အကွက် (၅၂၈)မျက်ဝင်းရပ်၊
မန္တလေးမြို့။ ၀၉ ၉၁၀၀၉၀၃၃

တန်ဖိုး
ဓမ္မဒါန

အကြိမ်
ဒုတိယအကြိမ်

အုပ်ရေ
၁၀၀၀

ထုတ်ဝေသည့်လ
ပြာသိုလ၊ ၁၃၇၃ - ခုနှစ်၊ ဇန်နဝါရီလ၊ ၂၀၁၂ - ခုနှစ်၊

# အမှာစကား

ဤ "စိမ်ခြယ်လှယ် ကံနစ်သွယ်" ကျမ်းစာလေးကို ၁၃၆၃-ခုနှစ်က ပထမအကြိမ် အုပ်ရေ ၂၀၀၀- ရိုက်နှိပ် ခဲ့ပါသည်။

အဝေရာရာမ ရန်ကင်းကျောင်းတိုက် သိရီမင်္ဂလာ ရတနာအေးကျောင်း ကျောင်းဒါယကာ+ကျောင်းဒါယိကာမများ ဖြစ်ကြသော မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ရွှေဘုံသာရပ်၊ ပတ္တမြားလမ်း၊ ရတနာအေးပွဲရုံပိုင်ရှင် ဦးသောင်း+ဒေါ်လှဝေနှင့် သားသမီးများက မိမိတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ မွေပုံကန်အရှေ့ရွာ၌ မြေးများနှင့် တူ-တူမများကို ရှင်ပြု.နားသ အလှူတော်မင်္ဂလာ ပြုလုပ်ခဲ့ကြရာ ထိုအလှူပွဲတော်တွင် ဓမ္မဒါန ပြုရန် စာအုပ်တစ်အုပ် ရေးသားချီးမြှင့်ဖို့ လျှောက်ထားခဲ့ကြပါသည်။

ထိုကြောင့် မိမိရေးသားထားပြီး ပုံမနှိပ်ရသေးသည့် "အနစ်ချုပ် ဗုဒ္ဓဘာသာ" ကျမ်းစာအုပ်ထဲမှ အပိုင်းနစ်ပိုင်းကို ထုတ်နှုတ်ကာ "စိမ်ခြယ်လှယ် ကံနစ်သွယ်" ဟူသော အမည်ဖြင့် ဤကျမ်းစာငယ်ကို ချီးမြှင့်လိုက်ပါသည်။

ထိုကျမ်းစာအုပ်ကို အုပ်ရေ ၂၀၀၀ - ပုံနှိပ်၍ ဓမ္မဒါနပြု ခဲ့ရာ အုပ်ရေ ၂၀၀၀ - နီးပါးခန့် ကုန်သွားပါသည်။ လက်ကျန် (လက်ခံ)ထားဖို့ စာအုပ် ၁၀ - အုပ်ခန့်ကိုပင် မနည်းကြီး ချန်ထား ခဲ့ရပါသည်။

## ကျမ်းစာ၏ အနှစ်ချုပ်

ဤကျမ်းစာငယ်တွင် ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓဘာသာ ကို လေ့လာလိုကြသော ပုဂ္ဂိုလ်များ သိသင့်သိထိုက်သည့် ကံအကြောင်းနှင့် ထိုကံတို့၏ အကျိုးပေးပုံတို့ကို ဖော်ပြထား ပါသည်။

ကမ္ဘာပေါ်ရှိ သက်ရှိ + သက်မဲ့အားလုံးကို မည်သူကမှ ဖန်ဆင်းထားသည် မဟုတ်ပါ။ ထို့အတူ တစ်စုံတစ်ရာ အကြောင်း မရှိဘဲ သူ့အလိုလို ဖြစ်လာသည်လည်း မဟုတ်ပါ။

အထူးအားဖြင့် လူသားများနှင့်အတူ သတ္တဝါအားလုံး တို့သည် ဖန်ဆင်းရှင်ကြောင့် ဖြစ်ကြရသည် မဟုတ်ဘဲ ကံ. စိတ်. ဥတု. အာဟာရ. အဝိဇ္ဇာ. တဏှာစသော အကြောင်းတို့ကြောင့် ဖြစ်ကြရပါသည်။ သတ္တဝါတို့၏ ချမ်းသာမှု. ဆင်းရဲမှုကိုလည်း ဘုရားက ဖန်ဆင်းသည် မဟုတ်ပါ။ မိမိတို့ ပြုခဲ့သော ကောင်းသော အလုပ် = ကုသိုလ်ကံ၊ မကောင်းသောအလုပ် = အကုသိုလ်ကံ

အားလျော်စွာ ကောင်းကျိုး+ဆိုးပြစ်တို့ကို ခံစားနေကြရခြင်း ဖြစ်ကြောင်း ဗုဒ္ဓမြတ်စွာက ဟောတော်မူခဲ့ပါသည်။

ထိုအချက်တို့ကို ဤကျမ်းစာ၌ ဖော်ပြထားရာ ဤကျမ်းစာသည် အရာရာကို ဖန်ဆင်းရှင်က ဖန်ဆင်းသည်ဟူသော ဣဿရနိမ္မာနဟေတုဝါဒ ( ဖန်ဆင်းရှင်ဝါဒ )နှင့် အကြောင်းတစ်စုံတစ်ရာကြောင့် ဖြစ်သည်မဟုတ်ဘဲ သူ့အလိုလို ဖြစ်နေသည်ဟူသော အဟေတုကဝါဒ (အကြောင်းမဲ့ဝါဒ)ဟူသော မိစ္ဆာဒိဋ္ဌိ + မိစ္ဆာဝါဒ နှစ်ပါးကို ဖယ်ရှားလျက် မိမိတို့၏ ကောင်းသောကံ (ကုသိုလ်)ကြောင့် ကောင်းကျိုးချမ်းသာကို ခံစားရသည်၊ မိမိတို့၏ မကောင်းသောကံ (အကုသိုလ်)ကြောင့် ဆိုးကျိုးဒုက္ခကို ခံစားရသည်ဟူသော သမ္မာဒိဋ္ဌိ (အသိမှန်. အယူမှန်) ကို ဖော်ပြထားပါသည်။

## ဒုတိယအကြိမ် ရိုက်နှိပ်

ဤကျမ်းစာရှင် မိမိသည် ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး အမှူးပြုသော ရွှေကျင်နိကာယ ဗဟိုဌာန မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာနာယက. နာယက. ဂဏဝါစကများ၏ တာဝန်ပေးချက်အရ " ဝိသုဒ္ဓါရုံ မယ်ဇယ်တိုက်သစ်"ဟု အမည်တွင်ခဲ့သော ဤ" အဝေရာရာမ ရန်ကင်း

ကျောင်းတိုက်" သို့ ၁၃၆၃ - ခုနှစ်မှစ၍ နေထိုင်သာသနာပြုခဲ့ရာ ယခု ၁၃၇၃ - ခုနှစ်တွင် ၁၀ - နှစ်တင်းတင်း ပြည့်ပြီ ဖြစ်ပါသည်။

မဟာရံတံတိုင်းလည်းမရှိ, ကျောင်းအဆောက် အအုံကလည်း သုံးခုမျှသာရှိသော ရှစ်ဧကခန့် ကျယ်ဝန်းသည့် ဤ "အဝေရာရာမ ရန်ကင်းကျောင်းတိုက်ကြီး"ကို အဖက်ဖက်က ကြိုးစား ထူထောင်ခဲ့ရာ ၁၀ - နှစ်တာ ကာလအတွင်း အလျား ပေ - ၁၅၀၊ အနံ ၈၀ - ပေရှိ လေးထပ်ကျောင်းတော်ကြီး နှစ်ဆောင် အပါအဝင် ကျောင်းအဆောက်အအုံပေါင်း ၂၀ - ကျော်ဖြစ်ပေါ် လာသည့်အပြင် ၁၀ - နှစ်တာကာလအတွင်း စာမေးပွဲ အသီးသီးကို အောင်မြင်ကြသော သံဃာတော်ပေါင်း (၃၃၆)ပါးလည်း ပေါ်ထွန်းခဲ့ပါသည်။

ထို့ကြောင့် ၁၀ - နှစ်ပြည့် အထိမ်းအမှတ် ပွဲတော်ကို ကျင်းပရန် ဆရာ+ဒကာ သို့နိုင်းတိုင်ပင်ပြီး လုပ်ငန်းစဉ်များ လျာထား သတ်မှတ်ခဲ့ကြရာတွင် ဤကျမ်းစာရင် ရေးသား ပြုစုသော ကျမ်းစာအုပ်(၈)အုပ်နှင့် "အဝေရာရာမ ၁၀ - နှစ်တာ ကာလ သာသနာ့မော်ကွန်း" စာအုပ်တို့ကို ပုံနှိပ်ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ထိုဆုံးဖြတ်ချက်အရ ဤကျမ်းစာကို ဒုတိယအကြိမ် ပြန်လည် ရိုက်နှိပ်ခြင်း ဖြစ်ပါသည်။

## ဓမ္မဒါန ကုသိုလ်ရှင်

ဤကျမ်းစာ အုပ်ရေ(၁၀၀၀)ကို မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁+၃၂လမ်းကြား၊ ၈၁+၈၂လမ်းကြား၊ ပဒေသာပင်ဝင်းရပ်နေ ရဟန်းဒါယကာ ဒေါက်တာဦးမာကျော် + ရဟန်းဒါယိကာမ ဒေါ်လှလှဌေး မိသားစုတို့က ရိုက်နှိပ်လှူဒါန်းကြသဖြင့် သာဓုခေါ် မှတ်တမ်းတင်ပါသည်။

ဦးဩဒါတသိရီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယက
အဝေရာရာမ ရန်ကင်းကျောင်းတိုက်
မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။

၁၃၇၃-ခုနှစ်၊
တော်သလင်းလပြည့်ကျော် ၆-ရက်နေ့။
(၁၈. ၉. ၂၀၁၁)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စီမံခြယ်လှယ် ကံနှစ်သွယ်

## ၃၁ ဘုံ

ဗုဒ္ဓ တရားတော်အရ သတ္တဝါတို့ ကျင်လည်ဖြစ်ပေါ်ရာ ဘုံဌာနတို့သည် ၃၁ - ဘုံ ရှိသည်။

အကျဉ်းအားဖြင့် ရေတွက်လျှင် -

| | |
|---|---|
| အပါယ်ဘုံ | ၄ - ဘုံ |
| လူ့ဘုံ | ၁ - ဘုံ |
| နတ်ဘုံ | ၆ - ဘုံ |
| ဗြဟ္မာဘုံ | ၂၀ - ဘုံ - တို့ဖြစ်သည်။ |

ထို ၃၁ ဘုံတို့တွင် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့ကို သုဂတိဘုံ (ကောင်းသောဘုံ)ဟု ခေါ်၍၊ အပါယ် ၄ - ဘုံကို ဒုဂ္ဂတိဘုံ (မကောင်းသောဘုံ)ဟု ခေါ်ကြသည်။

သုဂတိဘုံဟု ဆိုအပ်သော လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သို့ ကုသိုလ်ဖြင့်သာ ရောက်နိုင်သည်။ ဒုဂ္ဂတိဘုံဟု ဆိုအပ်သော အပါယ်လေးဘုံကား အကုသိုလ်ကြောင့် ရောက်ရှိကြသော ဘုံများဖြစ်သည်။

## အပါယ်ဘုံ ၄ - ဘုံ

အပါယ - ဟူသော ပါဠိစကားလုံးကို ယဉ်၍ အသတ်ထည့်၍ "အပါယ်"ဟု မြန်မာပြန်ကြသည်။ အပါယ (အပါယ်) ဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ " ချမ်းသာကင်းသောဘုံ " ဟု ဆိုလိုပေသည်။

ထိုအပါယ်ဘုံတို့ဟူသည် - -

၁။ ငရဲဘုံ ၂။ တိရစ္ဆာန်ဘုံ

၃။ ပြိတ္တာဘုံ ၄။ အသူရကာယ်ဘုံတို့ ဖြစ်သည်။

ငရဲသားတို့သည် မိမိတို့ အကုသိုလ်ကံ မကုန်သမျှ အချိန်တိုင်း အချိန်တိုင်း ငရဲမီးတွေ အလောင်ခံရကာ ကြီးမားပြင်းထန်သော ဆင်းရဲဒုက္ခကို ခံကြရသည်။ အလွန်ပြင်းထန်သော မီးအလောင် ခံရသော်လည်း မိမိ၏ အကုသိုလ်ကံက

ကြီးမားလှသောကြောင့် သေမသွားဘဲ တပြောင်းပြန်ပြန် လူးလိမ့်ခံစားကြရပေသည်။

ပြိတ္တာဘုံသည် ဘုံသီး ဘုံခြား မဟုတ်၊ တော. တောင်. ချောက်ကြား. မြစ်နား ချောင်းနားနှင့် လူတို့နေရာဒေသ ပတ်ဝန်းကျင်တို့သည်ပင် ၎င်းတို့၏ တည်ရာဘုံဌာနဖြစ်သည်။ သဘာဝ အလျောက် ပင်ကိုယ်မျက်စိဖြင့် မမြင်နိုင်ကြပေ။

ထိုပြိတ္တာတို့သည် အမျိုးမျိုးရှိကြသည်။ အချို့ပြိတ္တာများ မှာ နေ့ပိုင်း၌ ချမ်းသာသုခ ခံစားရပြီး၊ ညပိုင်း၌ ဆင်းရဲဒုက္ခကို ခံစားကြရသည်။ လဆန်းပိုင်း၌ ချမ်းသာကို ခံစားရပြီး၊ လဆုတ် ပိုင်း၌ ဆင်းရဲဒုက္ခကို ခံစားကြရသည့် ပြိတ္တာများလည်းရှိသည်။

အချို့ ပြိတ္တာတို့မှာ ထိုသို့မဟုတ်ဘဲ နေ့ရောညပါ ဆာလောင်မွတ်သိပ်သောဒဏ်၊ မိမိပြုခဲ့သော အကုသိုလ်ကံ အားလျော်စွာ မီးလောင်ဒဏ်. ဓား. လှံ. အပ်. လေးမြားစသည်တို့၏ ဒဏ်တို့ကို တရံမလပ် ခံစားနေကြရသည်လည်း ရှိကြသည်။

တိရစ္ဆာန်တို့၏ ဆင်းရဲအောက်တန်းကျပုံကို အထူးဖော် ပြဖွယ် မလိုတော့ပေ။

အသုရကာယ်များမှာလည်း အချို့ အလွန်ဆင်းရဲ၍ အချို့သော စတုမဟာရာဇ် နတ်မျိုးနွယ်ဝင် အသုရာတို့မှာမူ အထိုက်အလျောက် ချမ်းသာခွင့်ရသည်။

## နတ်ဘုံ ၆ – ဘုံ

နတ်ဘုံ ၆ – ဘုံမှာ – –

| | | | |
|---|---|---|---|
| ၁။ | စတုမဟာရာဇ်ဘုံ | ၂။ | တာဝတိံသာဘုံ |
| ၃။ | ယာမာဘုံ | ၄။ | တုသိတာဘုံ |
| ၅။ | နိမ္မာနရတိဘုံ | ၆။ | ပရနိမ္မိတဝသဝတ္တိဘုံ |

တို့ဖြစ်သည်။

နတ်ဘုံ ၆ – ဘုံတို့မှာ အနိမ့်မှ အမြင့်သို့ အစဉ်အတိုင်း တည်နေကြသည်။ နတ်ဘုံ တစ်ဘုံတစ်ဘုံ၌လည်း ဘုံဗိမာန်များမှာ အကြီးအသေး ကွာခြားသည်။ ကုသိုလ်စွမ်းအား အလျောက် ဖြစ်ကြရသောကြောင့် ခမ်းနားမှု တင့်တယ်မှု ကြီးကျယ်မှုချင်း မတူကြပေ။

## နတ်တို့၏ စည်းစိမ်

နတ်ပြည်၌ ဖြစ်ကြရသော နတ်သား နတ်သမီးတို့မှာ ကိုယ်ဝန်ဆောင်ရမှု, လူတို့ကဲ့သို့ မွေးဖွားရမှု မရှိပေ။ ကျင်ကြီး, ကျင်ငယ်, နပ်, တံတွေးစသည့် အညစ်အကြေးများလည်း မရှိသဖြင့် အမြဲတမ်း သန့်ရှင်းစင်ကြယ်ကြသည်။ ရှာဖွေရသည့် ဒုက္ခ၊ ချက်ရ ပြုတ်ရသည့် ဒုက္ခလည်းမရှိ၊ စားချိန်တန်သောအခါ နတ်ထမင်း၊ နတ်သြဇာတို့ကို အလွယ်တကူ စားသောက်ကြရသည်။

လူတို့ကဲ့သို့ အရေတွန့်ခြင်း, ဆံဖြူခြင်း, သွားကျိုးခြင်း, မျက်စိမွဲခြင်းစသည့် ဇရာ၏ အမှတ်သား မရှိ။ နတ်သားများမှာ ၂၀ - အရွယ်, နတ်သမီးများမှာ ၁၆ - နှစ် သမီးအရွယ်ဟု ထင်ကြရသည်။

လူတို့ကဲ့သို့ အာရုံငါးပါး ကာမဂုဏ်တရားကို ခံစားကြသော်လည်း လူတို့ကဲ့သို့ မေထုန်သံဝါသမျိုး မရှိ၊ နတ်သားနှင့် နတ်သမီးတို့ ကိုယ်လက်သုံးသပ်ရုံမျှဖြင့် ထိုကိစ္စ ပြီးမြောက်ကြသည်။

လူတို့ကဲ့သို့ အိုခြင်းသဘော မရှိသကဲ့သို့ ခေါင်းကိုက်ခြင်း, ဗိုက်နာခြင်း, ဖျားနာခြင်းစသော အနာရောဂါ (ဗျာဓိ) လည်း မရှိပေ။

သက်တမ်းအားဖြင့်လည်း လူတွေထက် အဆများစွာရှည်ကြသည်။ လူ့ပြည်၌ နှစ်ပေါင်း ၅၀ - ကြာမှ စတုမဟာရာဇ်နတ်ပြည်တွင် တစ်ရက်သာရှိ၏။ လူ့ပြည်၌ အနှစ် ၁၅၀၀ - သည် စတုမဟာရာဇ်နတ်ပြည်၌ တစ်လ၊ လူ့ပြည်၌ နှစ်ပေါင်း ၁၈၀၀၀ - သည် စတုမဟာရာဇ်နတ်ပြည်တွင် တစ်နှစ်သာရှိ၏။ ထိုနှစ်ဖြင့် ရေတွက်အပ်သော နှစ်ပေါင်း ၅၀၀ (လူ့အရေတွက်အားဖြင့် နှစ်ပေါင်း ၉ - သန်း) သည် စတုမဟာရာဇ်နတ်တို့၏ သက်တမ်း ဖြစ်သည်။

အထက်အထက် နတ်ဘုံတို့သည် အောက်အောက်

နတ်ဘုံတို့ထက် လေးဆပိုရှည်သည်။

အောက်ပါဇယားကို ကြည့်ပါ။

| နတ်ဘုံ | လူ့အရေအတွက်အားဖြင့် |
|---|---|
| စတုမဟာရာဇိနတ်ဘုံ | နှစ်ပေါင်း ၉ သန်း |
| တာဝတိံသာနတ်ဘုံ | ၃၆ သန်း |
| ယာမာနတ်ဘုံ | ၁၄၄ သန်း |
| တုသိတာနတ်ဘုံ | ၅၇၆ သန်း |
| နိမ္မာနရတိနတ်ဘုံ | ၂၃၀၄ သန်း |
| ပရနိမ္မိတဝသဝတ္တီနတ်ဘုံ | ၉၂၁၆ သန်း |

## ဗြဟ္မာဘုံ ၂၀

ဗြဟ္မာဘုံသည် ရူပဗြဟ္မာဘုံ ၁၆ ဘုံ၊ အရူပဗြဟ္မာဘုံ ၄ ဘုံ အားဖြင့် ဘုံပေါင်း ၂၀ ရှိသည်။

ရူပ ၁၆ - ဘုံတို့တွင် အသညသတ် ဗြဟ္မာဘုံမှတစ်ပါး ကျန် ၁၅ - ဘုံသည် ရုပ်နာမ်နှစ်မျိုးလုံးရှိ၍ အသညသတ်ဘုံမှာ ရုပ်သက်သက်သာ ရှိသည်။

အရူပ ၄ ဘုံမှာ နာမ်တရားသာရှိ၍ ရုပ်တရားလုံးဝ မရှိသော ဘုံများဖြစ်သည်။

နတ်ဘုံ၌ နတ်သား + နတ်သမီးဟူ၍ အဖို + အမ ရှိသော်လည်း ဗြဟ္မာဘုံ၌ အဖို + အမ သဘော မရှိ။ သို့သော် ဗြဟ္မာများသည် ယောကျ်ားတို့၏ အသွင်သဏ္ဍာန်ရှိကြသည်ဟု ဆိုပါသည်။

ဗြဟ္မာဘုံတို့၏ သက်တမ်းမှာ ကမ္ဘာချီ၍ ကြာလှပေသည်။ လူ့သက်တမ်းထက် များစွာရှည်သော နတ်တို့၏ သက်တမ်းထက်ပင် အဆများစွာ သာလွန်ရှည်ကြပေသည်။

## အကြောင်းကံ

ဆံုခဲ့ပြီး ငရဲ. တိရစ္ဆာန်. ပြိတ္တာ. အသူရကာယ်ဘုံတို့၌ အကုသိုလ်ကံကြောင့် ဖြစ်ကြရပြီး လူ့ဘုံ. နတ်ဘုံ. ဗြဟ္မာဘုံတို့၌ ကုသိုလ်ကံကြောင့် ဖြစ်ကြရသည်။

## လူ့ဘုံ

ကျွန်ုပ်တို့တတွေ ဖြစ်နေကြရသော ဤလူ့ဘုံရှိ လူသားများ၏ ဘဝအခြေနေကို သုံးသပ်ကြည့်လျှင် အမျိုးမျိုး ကွဲပြားခြားနားနေကြသည်ကို တွေ့ရမည် ဖြစ်ပေသည်။

လူ့ဘုံ လူ့ဘဝသို့ ကုသိုလ်ကံက ပို့ဆောင်လိုက်သောကြောင့် လူလာဖြစ်ကြရသော်လည်း လူချင်းကား မတူပေ။ ရုပ်လှ

မလှ၊ ပစ္စည်းပေါ-မပေါ၊ ဉာဏ်ကောင်း-မကောင်း၊ အသက်ရှည်-မရှည်၊ ကျန်းမာရေးကောင်း-မကောင်း စသည်ဖြင့် အမျိုးမျိုး ကွဲပြားနေကြပေသည်။

ယင်းကဲ့သို့ ကွဲပြားနေခြင်းမှာ အကြောင်းဖြစ်သော "ကံ" က ကွဲပြားနေသောကြောင့် ဖြစ်ပေသည်။

## ကံဆိုတာ ဘာလဲ

ကံ-ဟူသည် မိမိကိုယ်တိုင် စိတ်ပါလက်ပါ စေတနာသန်သန်ဖြင့် ပြုလုပ်ခဲ့.ပြောဆိုခဲ့.ကြံစည်ခဲ့သော အမှုများပင်ဖြစ်၏။

စိတ်စေတနာဖြင့် ပြုလုပ်ခဲ့သော ကာယကံ၊ ပြောဆိုခဲ့သော ဝစီကံ၊ ကြံစည်ခဲ့သော မနောကံတို့သည် အကျိုးသက်ရောက်မှုကို ဖြစ်စေတတ်သော သတ္တိ ( ကမ္မသတ္တိ ) ပါရှိလျက်ရှိသောကြောင့် အချိန်တန်သည့် အခါတွင် အကျိုးသက်ရောက်မှုကို ဖြစ်စေတတ်ပေသည်။

ထိုသို့ အကျိုးသက်ရောက်မှုကို ဖြစ်စေရာဝယ် (အကျိုးပေးရာဝယ်) ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့က ကောင်းမြတ်သော အကျိုးကိုပေး၍ မကောင်းသောကံက မကောင်းကျိုးကို ပေးတတ်ပေသည်။

ဤသို့ ကောင်းသောကံက ကောင်းကျိုးကို ပေးခြင်း၊

မကောင်းသောကံက မကောင်းကျိုးကို ပေးခြင်းသည် ကံတို့၏ မြဲသော နိယာမဖြစ်သည်။

## နိယာမတရား ၅ မျိုး

သူ့သဘော သူဆောင်လျက် မြဲသော သဘောကို "နိယာမ" ဟု ခေါ်သည်။ ထိုနိယာမတရားသည် ငါးမျိုးရှိသည်။

၁။ ဗီဇနိယာမ = မျိုးစေ့တို့၏ မြဲသောသဘော။

၂။ ဥတုနိယာမ = ဥတုတို့၏ မြဲသောသဘော။

၃။ ကမ္မနိယာမ = ကံတို့၏ မြဲသောသဘော။

၄။ စိတ္တနိယာမ = စိတ်တို့၏ မြဲသောသဘော။

၅။ ဓမ္မနိယာမ = လောကသဘာဝ၏ မြဲသောသဘော။

(၁) ဗီဇနိယာမ ဟူသည် = မျိုးစေ့အားလျော်စွာ အပင်ပေါက်ရောက်မှု မှန်ကန်ခြင်း၊ မြဲခြင်းတည်း။ သရက်စေ့မှ သရက်ပင်ပေါက်ခြင်း၊ မန်ကျည်းစေ့မှ မန်ကျည်းပင်ပေါက်ခြင်း စသည်တည်း။

(၂) ဥတုနိယာမ ဟူသည် = ရာသီဥတုအားလျော်စွာ သစ်ပင်များပွင့်ခြင်း, သီးခြင်းနှင့် ဆောင်းရာသီ၌ အေးခြင်း၊ နွေရာသီ၌ ပူခြင်း၊ မိုးရာသီ၌ မိုးရွာခြင်း စသည်တည်း။

(၃) ကမ္မနိယာမ ဟူသည် = ကုသိုလ်ကံက ကောင်းကျိုးကို

ပေးခြင်း၊ အကုသိုလ်ကံက မကောင်းကျိုးကို ပေးခြင်း တည်း။

(၄) စိတ္တနိယာမ ဟူသည် = စိတ်ဖြစ်စဉ် မှန်ကန်ခြင်းတည်း။ မြင်စိတ်အစဉ် ( စက္ခုဒွါရဝီထိ )တစ်ခု ဖြစ်ရာ၌ ဘဝင် စိတ်, ဆင်ခြင်စိတ်, မြင်သိစိတ်, လက်ခံစိတ်, စူးစမ်းစိတ် စသည်ဖြစ်ရာ အစဉ်အတိုင်းသာ ဖြစ်လေ့ရှိသည်။ ခုန် ကျော်ပြီး ဖြစ်လေ့မရှိ။

(၅) ဓမ္မနိယာမ ဟူသည် = ဘုရားအလောင်း ပဋိသန္ဓေနေ သောအခါ, မွေးဖွားသောအခါစသည်တို့၌ မြေလျှင်လှုပ် ခြင်းစသော အံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခြင်းစသည်တည်း။

ဤနိယာမငါးမျိုးကို ဖောက်ပြန်ပြောင်းလဲအောင် မည်သူ မျှ မတတ်နိုင်ချေ။ ဤနိယာမ ငါးမျိုးတို့၏ သဘောအားလျော် စွာ သစ်ပင်, တောတောင်, ရေ, မြေနှင့်တကွ သတ္တလောကကြီး တစ်ခုလုံး ဖြစ်ပျက်လျက် ရှိပေသည်။

## ကံအမျိုးမျိုး

သတ္တဝါတို့သည် ဆန္ဒအမျိုးမျိုး ရှိကြ၏။ မိမိဆန္ဒ အလျောက် ကောင်းကောင်းဆိုးဆိုး အလုပ်အမျိုးမျိုးတို့ကို လုပ်ဆောင်နေကြ၏။ စိတ်ဆန္ဒဖြင့် ပြုလုပ်ဆောင်ရွက်, ပြောဆို

ကြံစည်သမျှတို့သည် ကံဖြစ်သောကြောင့် ဆန္ဒအမျိုးမျိုးရှိသည့် အားလျော်စွာ ကံလည်း အမျိုးမျိုးရှိ၏။

ကံသည် "ကုသိုလ်ကံ, အကုသိုလ်ကံ" ဟု နှစ်မျိုးရှိ၏။

ကုသိုလ်ကံသည်လည်း ပဋိသန္ဓေအကျိုးကို ပေးတတ်သော ကုသိုလ်ကံ၊ ပဝတ္တိအကျိုးကို ပေးတတ်သော ကုသိုလ်ကံ ဟု နှစ်မျိုးရှိပြန်၏။ ပဋိသန္ဓေအကျိုးကို ပေးသောကံက ကုသိုလ် ကံ ဖြစ်ခဲ့လျှင် လူ့ဘဝ, နတ်ဘဝဟူသော ကောင်းသောဘဝသို့ ရောက်ရ၏။ ပဋိသန္ဓေအကျိုးကို ပေးသောကံက အကုသိုလ်ကံ ဖြစ်ခဲ့လျှင် အပါယ် ၄ - ဘုံသို့ ရောက်ရ၏။

ပဝတ္တိကျိုးကိုပေးသော ကံဟူသည် လူ့ဘုံ လူ့ဘဝသို့ ရောက်ပြီးနောက် ရုပ်လှ - မလှ၊ ဥစ္စာပေါ - မပေါ၊ ဉာဏ်ကောင်း - မကောင်းစသော အကျိုးတို့ကို ပေးသည့်ကံ ဖြစ်သည်။

ဥပမာ - လူဖြစ်ရခြင်းသည် ကုသိုလ်ပဋိသန္ဓေကံကြောင့် ဖြစ်၏။ လူဖြစ်ပြီးကာမှ ဆင်းရဲမွဲတေခြင်း,ရုပ်မလှခြင်း,ဉာဏ်ထိုင်း ခြင်းစသည် ဖြစ်ခြင်းသည် ပဝတ္တိအကုသိုလ်ကံကြောင့် ဖြစ်၏။

ခွေးဘဝသို့ ရောက်ရခြင်းသည် ပဋိသန္ဓေ အကုသိုလ် ကံကြောင့် ဖြစ်၏။ သူဌေးအိမ်မှာ ခွေးဖြစ်ရ၍ နေရာကောင်း၌ နေရခြင်း၊ အစားကောင်း စားရခြင်းတို့သည် ကုသိုလ်ပဝတ္တိကံ ကြောင့် ဖြစ်၏။

## ပဝတ္တိကံအမျိုးမျိုး

ပဝတ္တိအကျိုးကိုပေးသော ကုသိုလ်ကံသည်လည်း ရုပ်လှစေသော ကုသိုလ်ကံ၊ ပစ္စည်းဉစ္စာ ပေါ်များစေသောကံ၊ ဉာဏ်ကောင်းစေသောကံစသည်ဖြင့် အမျိုးမျိုး ရှိသကဲ့သို့ ပဝတ္တိအကုသိုလ်ကံသည်လည်း ရုပ်ဆိုးစေသော အကုသိုလ်ကံ၊ ဆင်းရဲမွဲတေစေသော အကုသိုလ်ကံ၊ အနာရောဂါ ပေါ်များစေသော အကုသိုလ်ကံ၊ ဉာဏ်ထိုင်းစေသော အကုသိုလ်ကံ၊ အသက်တိုစေသော အကုသိုလ်ကံ စသည်ဖြင့် အမျိုးမျိုးရှိပေသည်။

ထိုကောင်းကျိုး + ဆိုးပြစ် မှန်သမျှ မိမိပြုခဲ့သော ကုသိုလ်ကံ + အကုသိုလ်ကံတို့ကြောင့် ဖြစ်နေကြရာ အကုသိုလ်ကို ရှောင်ကြဉ်၍ ကုသိုလ်ကို ကြိုးစားဆောင်ရွက်သင့်ပေသည်။

## ကုသိုလ်နှင့် အကုသိုလ်

ဘုရားအစရှိသော သူတော်ကောင်းတို့ နှစ်သက်မြတ်နိုး၍ အပြစ်ကင်းခြင်း,ကောင်းကျိုးချမ်းသာကို ဖြစ်စေခြင်းလက္ခဏာ ရှိသော သဘောသည် "ကုသိုလ်" မည်၏။

* သူတော်သူမြတ်၊ ချီးမွမ်းအပ်၍၊ မြင့်မြတ်သန့်ရှင်း၊
အပြစ်ကင်းလျက်၊ ကောင်းခြင်းသုခ၊ အဝဝကို၊
ရစေဖြစ်စေ၊ အလုပ်တွေ၊ မှတ်လေမြတ်ကုသိုလ်။

ဘုရားအစရှိသော သူတော်ကောင်းတို့ ကဲ့ရဲ့စက်ဆုပ်အပ်သော အပြစ်မကင်း, မကောင်းကျိုးကို ဖြစ်စေခြင်း လက္ခဏာရှိသော သဘောသည် "အကုသိုလ်ကံ" မည်၏။

* သူတော်သူမြတ်၊ စက်ဆုပ်အပ်၍၊ ညစ်ပတ်ဆိုးရွား၊
အပြစ်များလျက်၊ ကြီးမားစွာလှ၊ ဘေးဒုက္ခကို၊
ရစေဖြစ်စေ၊ အလုပ်တွေ၊ မှတ်လေအကုသိုလ်။

## ကမ္မဿကတာ သမ္မာဒိဋ္ဌိ

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရား, တရား, သံဃာ ရတနာသုံးပါး၏ ဂုဏ်နှင့် ကုသိုလ်ကံ, အကုသိုလ်ကံကိုလည်းကောင်း၊ ကုသိုလ်ကံ၏ ကောင်းကျိုး၊ အကုသိုလ်ကံ၏ ဆိုးကျိုးကိုလည်းကောင်း ယုံကြည်လက်ခံကြ၏။ မိမိက ကောင်းသည့်ကုသိုလ်ကံကို ပြုခဲ့လျှင် ကောင်းကျိုးရမည်။ မကောင်းသည့် အကုသိုလ်ကံကိုလုပ်ခဲ့လျှင် မကောင်းကျိုးရမည်ဟု အလေးအနက် ခံယူကြ၏။ တန်ခိုးကြီးသော ဖန်ဆင်းရှင်၏ အလိုအတိုင်း ဖြစ်နေကြရသည်ဟုယုံကြည်ခြင်း မရှိပေ။ (ဝါ) ဖန်ဆင်းရှင်ဝါဒကို လက်မခံကြပေ။

မိမိပြုခဲ့သော ကုသိုလ်, အကုသိုလ်ကံသည်သာ မိမိ၏ဘဝကို ခြယ်လှယ်စီမံသည်ဟု ယုံကြည်လက်ခံသော "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" ရှိကြသော ပုဂ္ဂိုလ်များဖြစ်သည်။

သို့ဖြစ်ရာ ဘဝအခြေအနေ အမျိုးမျိုးကို ခြယ်လှယ်စီမံနေသော ထိုကုသိုလ်. အကုသိုလ်ကံ နှစ်သွယ်၏ သဘောကို အကျဉ်းမျှ ပြဆိုပါမည်။

## အကုသိုလ် အလုပ်များ

ဗုဒ္ဓဘာသာ၌ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူ့သားမယား ပြစ်မှားကျူးလွန်ခြင်း၊ သူတစ်ပါးကို ပျက်စီးသွားအောင် (သို့မဟုတ်) ဆင်းရဲဒုက္ခ ရောက်သွားအောင် လိမ်ညာခြင်း၊ သေရည်အရက် မူးယစ်ဆေးဝါးတို့ကို မှီဝဲခြင်း၊ မိဘတို့ကို မရိုသေခြင်း၊ မိဘတို့၏ ကျေးဇူးကို မသိတတ်ခြင်း၊ မိဘတို့၏ကျေးဇူးကို ချေဖျက်ခြင်း၊ ကျေးဇူးကန်းခြင်း၊ မိဘစိတ်ဆင်းရဲအောင်ပြုခြင်း၊ ဆရာသမားကို မရိုမသေ မလေးစားခြင်း၊ မိမိထက် အသက်သိက္ခာကြီးသူကို မရိုမသေ မလေးစားခြင်း၊ အစ်ကိုအစ်မ ဦးကြီး ဦးလေးတို့အပေါ် ပြစ်မှားစော်ကားခြင်း၊ ရန်တိုက်ခြင်း၊ ကုန်းတိုက်ခြင်း၊ သူတစ်ပါးတို့ ဆင်းရဲဒုက္ခရောက်အောင် လုပ်ခြင်း၊ အများနှင့်ဆိုင်သော ပစ္စည်းတို့ကို ဖျက်ဆီးခြင်း၊ ခိုးဆိုးတိုက်ခိုက် လုယက်ခြင်းစသော အမှုများကို "အကုသိုလ်" ဟုခေါ်သည်။

## ဒုစရိုက် ၁၀ ပါး

ဤနေရာ၌ အကုသိုလ်ဟု ဆိုအပ်သော ဒုစရိုက် ၁၀ ပါးကို မကျဉ်းမကျယ် ပြပါဦးမည်။ ဒုစရိုက် ဟူသည် (ဒု - မကောင်းသဖြင့် ပြုအပ်သော၊ စရိတ - အကျင့် အလုပ်)ဟု အဓိပ္ပါယ်ရသည်။ ပညာရှိ သူတော်ကောင်းတို့ မချီးမွမ်း မနှစ်သက် စက်ဆုပ်အပ်သော အလုပ်များဟု ဆိုလိုပေသည်။

ထိုဒုစရိုက်သည် - -

(၁) ကာယဒုစရိုက် = ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်၊

(၂) ဝစီဒုစရိုက် = နှုတ်ဖြင့် ပြောဆိုအပ်သော မကောင်းမှု ဒုစရိုက်၊

(၃) မနောဒုစရိုက် = စိတ်ဖြင့် ကြံစည် ပြစ်မှားအပ်သော မကောင်းမှုဒုစရိုက်ဟုသုံးမျိုးရှိသည်။

ထိုတွင် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးပြားသောကြောင့် ဒုစရိုက်သည် အကျဉ်းအားဖြင့် (၁၀)ပါး ရှိသည်။

ထိုတွင် တစ်ပါးပါး၌ (၁) ကိုယ်တိုင်ပြုခြင်း၊ (၂) သူတစ်ပါးကို ပြုလုပ်ရန် စေခိုင်းတိုက်တွန်းခြင်း၊ (၃) ဒုစရိုက်ပြုသည်ကို ချီးမွမ်းခြင်း၊ (၄) သူတစ်ပါးတို့ ပြုလုပ်နေသည်ကို သိလျက် (တားနိုင်

လျက်) မတားမြစ်ဘဲ သဘောတူ ခွင့်ပြုခြင်းဟု လေးမျိုးစီပြားသော ကြောင့် ဒုစရိုက်တရားသည် အကျယ်အားဖြင့် (၄၀) ရှိပေသည်။

## ကာယဒုစရိုက် ၃ - ပါး

၁။ ပါဏာတိပါတ = သူတစ်ပါးအသက်ကိုသတ်ခြင်း။

၂။ အဒိန္နာဒါန = သူတစ်ပါးဥစ္စာကို ခိုးယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရ = သူတစ်ပါး သားမယားကို ပြစ်မှားကျူးလွန်ခြင်း။

ဆောင်ပုဒ်

* သူ့သက်သတ်ခြင်း၊ ခိုးယူခြင်း၊ မှားယွင်းဖေါက်ပြားပြန်။

* ကိုယ်၌ဖြစ်ခြား၊ ဤသုံးပါး၊ မှတ်သား ကာယကံ။

### ၁။ ပါဏာတိပါတ

သူတစ်ပါးအသက်ကို သေစေလိုသော စိတ်ဖြင့် (သတ်လိုသော စိတ်ဖြင့်) သတ်ခြင်းသည် ပါဏာတိပါတမည်၏။

ဗုဒ္ဓအရှင်မြတ်အလို - သတ္တဝါမှန်သမျှ ကိုယ့်အသက်ကို ကိုယ်မြတ်နိုးကြသောကြောင့် မည်သည့်သတ္တဝါကိုမျှ မသတ်ကောင်းပေ။ သတ္တဝါမှန်သမျှ မိမိ၏ အကြောင်းကံအားလျော်စွာ ဖြစ်လာကြသည်။ တစ်စုံတစ်ယောက်က ဖန်ဆင်းသောကြောင့်

ဖြစ်လာသည် မဟုတ်ပေ။

(အချို့ဘာသာ၌ တိရိစ္ဆာန်တို့ကို လူတို့စားသောက်ရန် ဘုရားက ခွင့်ပြုထားသောကြောင့် တိရိစ္ဆာန်တို့ကို သတ်လျှင် အပြစ်မရှိဟု ဆိုကြသည်။ ယင်းသို့ဆိုလျှင် သတ္တဝါတို့ကို သနားကြင်နာသော မေတ္တာ . ကရုဏာနှင့်စပ်၍ များစွာတွေးတောဖွယ်. သံသယဖြစ်ဖွယ် ရှိပေသည်။ လူသားတို့ကို အန္တရာယ်ပေးသော အဆိပ်ပြင်းထန်သော သတ္တဝါများ. သီးနှံများကို ဖျက်ဆီးသည့် သတ္တဝါများ. လူတို့ကို ရောဂါရစေသည့် သတ္တဝါများကို အဘယ့်ကြောင့် ဖန်ဆင်းထားရပါသနည်းဟုလည်း စောဒကတက်ဖွယ် ရှိပေသည်။)

ပါဏာတိပါတ = သူ့တစ်ပါးအသက်ကို သတ်ခြင်းသည် ဖော်ပြလတ္တံ့ပါ အင်္ဂါ (လက္ခဏာ)တို့နှင့် ညီညွတ်လျှင် ကမ္မပထ မြောက်သည်။ အင်္ဂါတစ်ပါးပါး ချို့ယွင်းလျှင် ကမ္မပထ မမြောက်ပေ။

ကမ္မပထ မြောက်၏ ဟူသည် - ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ ပဋိသန္ဓေကျိုးကိုပေးလျှင် ကမ္မပထမြောက်သည် ဟုဆိုရသည်။ ဥပမာ - အကုသိုလ်ကံ တစ်ခုခုကို ပြုမိသောကြောင့် ငရဲကျသွားလျှင် သို့မဟုတ် တိရိစ္ဆာန်ဘဝ. ပြိတ္တာဘဝရောက်သွားလျှင် ထိုအကုသိုလ်ကံကို ကမ္မပထမြောက်သည်ဟု ဆိုရသည်။

ထို့အတူ တစ်စုံတစ်ရာ ကုသိုလ်ကောင်းမှု ပြုမိသောကြောင့် သေသည့်အခါ လူ့ချမ်းသာဘဝရောက်သွားသည်၊ သို့မဟုတ် နတ်ပြည်သို့ ရောက်သွားသည်ဆိုလျှင် ထိုကုသိုလ်ကံသည် ကမ္မပထမြောက်သည်ဟု ဆိုရသည်။

ပဋိသန္ဓေကျိုးကို မပေးဘဲ ပဝတ္တိကျိုးမျှလောက်ကိုသာ ဖြစ်စေလျှင် ကမ္မပထမြောက်သည်ဟု မဆိုရပေ။

ပါဏာတိပါတ၏ အင်္ဂါ (၅) ပါး

၁။ အသတ်ခံရသူက သက်ရှိသတ္တဝါ ဖြစ်ခြင်း။

၂။ သက်ရှိသတ္တဝါဟုလည်း သိခြင်း။

၃။ သေစေလိုသော စိတ်လည်းရှိခြင်း။

၄။ သေကြောင်း လုံ့လပယောဂကိုလည်း ပြုခြင်း။

၅။ သေလည်းသေခြင်း။

ဆောင်ပုဒ်

* သတ္တဝါဖြစ်ဘိ၊ သိလည်းသိ၊ စိတ်ရှိသေစေလို။
* အားထုတ်လုံ့လ၊ သေတုံက၊ ပါဏာတိပါတဆို။
* အင်္ဂါငါး၀၊ ပြည့်စုံက၊ ကမ္မပထမြောက်သည်ကို။

ဤအင်္ဂါငါးပါးလုံးနှင့် ပြည့်စုံမှ ပါဏာတိပါတကံ အထ

မြောက်သည်။ တစ်ပါးပါး ချို့ယွင်းလျှင်ပင် ကမ္မပထ မမြောက်ပေ။ ဥပမာ – ငှက်လေးတစ်ကောင်ကို သေစေလိုသော သဘောမရှိဘဲ ခြောက်လှန့်လိုသော သဘောဖြင့် ခဲဖြင့် ပစ်လိုက်ရာ ခဲမှန်ပြီး ထိုငှက်ကလေး သေသွားလျှင် ပါဏာတိပါတ အကုသိုလ်ကံ မထိုက်ချေ။ အဘယ်ကြောင့်ဟူမူ – သေစေလိုသောစိတ် မရှိခြင်း, သေအောင်ပစ်ခြင်း မဟုတ်သောကြောင့် (တတိယအင်္ဂါ, စတုတ္ထအင်္ဂါ ချို့တဲ့သောကြောင့်) ဖြစ်ပေသည်။ သို့သော် ပါဏာတိပါတ အကုသိုလ်တော့ ဖြစ်ပေသည်။

၂။ အဒိန္နာဒါန

သူတစ်ပါးပစ္စည်းကို အကျွမ်းဝင်သောကြောင့် ဖြစ်စေ, ခေတ္တခဏ သဘောဖြင့် ဖြစ်စေ ပိုင်ရှင်မသိအောင် ယူသုံးခြင်း မဟုတ်ဘဲ ခိုးလိုဝှက်လိုသော စိတ်ဖြင့် ခိုးယူခြင်းကို "အဒိန္နာဒါန" ဟု ခေါ်သည်။

အဒိန္နာဒါန၏ အင်္ဂါ (၅) ပါး

၁။ သူတစ်ပါးပိုင်ပစ္စည်း ဖြစ်ခြင်း၊

၂။ သူတစ်ပါးပိုင်ဟု သိခြင်း၊

၃။ ခိုးလိုသောစိတ်ရှိခြင်း၊

၄။ ခိုးရန် ကြိုးစားအားထုတ်ခြင်း ။

၅။ ခိုး၍လည်း ရခြင်း ။

ဤအင်္ဂါ ၅-ပါးလုံး ပြည့်စုံမှ အဒိန္နာဒါနံဖြစ်သည်။

ဆောင်ပုဒ်

* သူတစ်ပါးဥစ္စာ၊ သိတုံပါ၊ စိတ်မှာခိုးဝှက်လို။

* အားထုတ်လို့လာ၊ ခိုး၍ရ၊ အဒိန္နာဒါနဆို။

ပိုင်ရှင်မရှိဟု ထင်၍ယူခြင်း၊ သူများပစ္စည်းကို ကိုယ့်ပစ္စည်းဟု ထင်၍ ယူခြင်း၊ အကျွမ်းဝင်စိတ်ဖြင့် ယူခြင်း၊ ခေတ္တခဏ ငှားလိုသော သဘောဖြင့် ယူခြင်းတို့သည် အဒိန္နာဒါန မဖြစ်ပေ။

၃။ ကာမေသုမိစ္ဆာစာရ

ကာမဂုဏ်ကိစ္စ (လင်မယားကိစ္စ)တို့၌ မှားယွင်းဖောက်ပြန်စွာ ကျင့်သုံးခြင်းကို "ကာမေသုမိစ္ဆာစာရ" ဟု ခေါ်သည်။

မိမိ၏ ဇနီးမှတစ်ပါး အခြားသော ကာမပိုင်ရှိသော မိန်းမတို့နှင့် ကာမစပ်ယှက်ခြင်း၊ မိမိလင်ယောကျ်ားမှတစ်ပါး အခြားသော ကာမပိုင်ရှိသော ယောကျ်ားတို့နှင့် ကာမစပ်ယှက်ခြင်းတို့သည် ကာမမှု၌ ဖောက်ဖောက်ပြန်ပြန် ယုတ်ယုတ်မာမာ ကျင့်ခြင်းမည်၏။

ဦးသြဒါတသိရိ ဆိုက်ဆရာ သနစာကြည့်(မှတ်)
သာသနာ့တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာ
ကမ္ဘာ့အေး၊ ရန်ကုန်။

(မိမိဇနီး, မိမိခင်ပွန်းတို့ဖြင့် ကာမစပ်ယှက်ခြင်းကား လောကတံထွာ ဓမ္မတာဖြစ်၍ ဖောက်ဖောက်ပြန်ပြန် ကျင့်သည်ဟု မဆိုရပေ။)

ကာမေသုမိစ္ဆာစာရ၏ အင်္ဂါ (၄) ပါး

၁။ မပြစ်မှား မကျူးလွန်ထိုက်သော ယောက်ျား, မိန်းမ ဖြစ်ခြင်း။

၂။ ပြစ်မှားကျူးလွန်လိုသော (ကာမစပ်ယှက်လိုသော) စိတ်ရှိခြင်း။

၃။ ကြိုးစားအားထုတ်မှု ပယောဂလည်းရှိခြင်း။

၄။ စပ်ယှက်မှုကို သာယာခြင်း။

ဆောင်ပုဒ်

* မကျူးထိုက်ပြား၊ ပုဂ္ဂိုလ်များ၊ ပြစ်မှားကျူးလွန်လို၊
* ပယောဂပြု၊ သာယာမှု၊ ကာမေသုမိစ္ဆာစာရဆို။

ဤ၌ မပြစ်မှား မကျူးလွန်ထိုက်သော ယောက်ျား, မိန်းမ ဟူသည် ကာမပိုင်ရှိသော ယောက်ျား, မိန်းမများတည်း။ ထို့ကြောင့် ကာမပိုင်ရှိသော ယောက်ျား, မိန်းမများသည် မိမိ၏ ကာမပိုင်ဖြစ်သော မိန်းမ, ယောက်ျားတို့မှတစ်ပါး အခြားသော မိန်းမ, ယောက်ျားတို့နှင့် ကာမစပ်ယှက်ခြင်း မပြုရပေ။ ပြုလျှင်

၂၇၈၆၃

ကာမေသုမိစ္ဆာစာရ အကုသိုလ် ဖြစ်တော့သည်။

ဤ အင်္ဂါ ၄ - ပါးနှင့် ပြည့်စုံမှ ကံမြောက်သည်။ တစ်စုံတစ်ယောက်က အနိုင်အထက် ဗလက္ကာရ ပြုသဖြင့် ကျူးလွန်စော်ကားခံရသော မိန်းမများမှာ သာယာစိတ် မရှိလျှင် ကံအထမြောက်ပေ။ ကျူးလွန်သော ယောကျ်ားသာ ကံအထမြောက်၍ အကုသိုလ် ဖြစ်သည်။

(ဤ ကာမေသုမိစ္ဆာစာရနှင့် စပ်၍ မှတ်သားဖွယ်, ရေးသားဖွယ် များစွာရှိသည်။ ဤ၌ အကျဉ်းမျှသာ ပြဆိုပါသည်။)

## ဝစီဒုစရိုက် ၄ ပါး

၁။ မုသာဝါဒ = လိမ်လည်လှည့်ဖြားခြင်း။

၂။ ပိသုဏာဝါစာ = ချောပစ်ကုန်းတိုက်ခြင်း၊ ရန်တိုက်ခြင်း။

၃။ ဖရုသဝါစာ = ကြမ်းတမ်းစွာပြောဆိုခြင်း။

၄။ သမ္ဖပ္ပလာပ = အကျိုးမဲ့ကို ဖြစ်စေသည့် အတင်းအဖျင်း စကားတို့ကိုပြောဆိုခြင်း။

ဤ ၄ - ပါးတို့သည် များသောအားဖြင့် နှုတ်နှင့်စပ်လျဉ်း၍ ဖြစ်ကြရသောကြောင့် "ဝစီကံ" ဟုခေါ်သည်။ (စာဖြင့် ရေး၍ လိမ်ခြင်း, ကုန်းတိုက်ခြင်း, ဆဲရေးခြင်း, အကျိုးမဲ့ကို ဖော်ပြခြင်းတို့သည် ကိုယ်နှင့်စပ်၍ ဖြစ်သော်လည်း၊ ဤဝစီကံ ၄ - ပါးတို့

သည် နှုတ်၌ အဖြစ်များသောကြောင့် အဖြစ်များရာကို အစွဲပြု၍ "ဝစီကံ" ဟု ခေါ်ရသည်။)

ဆောင်ပုဒ်

- * လိမ်လည်လှည့်ဖြား၊ ရန်တိုက်ကြား၊ စကားလွန်ခက်ထန်။
- * အနှစ်မပါ၊ ဤလေးဖြာ၊ မှတ်ပါဝစီကံ။

၁။ မုသာဝါဒ

သူတစ်ပါးတို့ အကျိုးပျက်စီးသွားအောင် မမှန်တာကို အမှန်၊ အမှန်ကို အမှားလုပ်၍ လိမ်လည်ခြင်း, လှည့်ဖြားခြင်း, သွေးဆောင်ခြင်းကို "မုသာဝါဒ" ဟု ခေါ်သည်။ ထိုသို့ လိမ်ရာ၌ နှုတ်ဖြင့်ပြော၍ လိမ်ခြင်း၊ စာရေး၍ လိမ်ခြင်း၊ ကိုယ်အမူရာ, နှုတ်အမူရာတို့ဖြင့် လိမ်ခြင်းများ ပါဝင်သည်။

မုသာဝါဒ အင်္ဂါ ( ၄ ) ပါး

၁။ ပြောဆို ( လိမ်လည် ) အပ်သော ဝတ္ထု၏ ပြောသည့်အတိုင်း မမှန်ခြင်း။ (အမှားကိုအမှန်. အမှန်ကို အမှားဟု ပြောဆိုခြင်း။)

၂။ မှားယွင်းစေလိုသောစိတ်ရှိခြင်း။ (လိမ်လိုသောစိတ်ရှိခြင်း။)

၃။ လုံ့လပယောဂပြုခြင်း။

၄။ အလိမ်ခံရသူက ထိုသူလိမ်သည်ကို အမှန်ဟု မှတ်ထင်ခြင်း။

ဆောင်ပုဒ်

* ဝတ္ထုမမှန်၊ လိမ်လိုပြန်၊ ပြုဟန်ပယောဂ။
* လိမ်ခံရသူ၊ အမှန်ယူ၊ လေးဆူ မုသာပြ။

ဤသို့ ပြောသူကိုယ်တိုင်က အမှားကိုအမှန်ဟု ယူဆနေသဖြင့် ထိုအယူအဆအတိုင်း (အမှန်ဟုထင်၍) ယူဆပြောဆိုမိလျှင် မုသာဝါဒ ကံထိုက်သည်ဟု မယူဆရပေ။ လိမ်သူက လိမ်သော်လည်း အလိမ်ခံရသူက မယုံကြည်လျှင်လည်း လိမ်သူမှာ မုသာဝါဒကံ မမြောက်ပေ။ သို့သော် - မုသာဝါဒ သိက္ခာပုဒ်ကား ပျက်သည်။ ထို့ပြင် - အလိမ်ခံရသူက လိမ်သူပြောသည်ကို အဟုတ်ထင်မှတ်၍ လိုက်လုပ်မိသဖြင့် အကျိုးစီးပွားပျက်စီးခြင်း, ဒုက္ခရောက်ခြင်း ဖြစ်ပါမှ မုသာဝါဒကံထိုက်သည်။ (အလိမ်ခံရသူ တစ်စုံတစ်ရာ အကျိုးပျက်စီးပါမှ လိမ်သူ မုသာဝါဒကံ အထမြောက်သည်။)

ဤမုသာဝါဒကံအရာ၌ အလိမ်ခံသူ အကျိုးပျက်စီးခြင်းသည်သာ ပဓာနဖြစ်၍ အကျိုးစီးပွါးမပျက်ဘဲ အကျိုးတစ်စုံတစ်ရာ ရှိခဲ့လျှင် လိမ်လည်မှုသည် အကုသိုလ်မဖြစ်ဘဲ ကုသိုလ်ပင် ဖြစ်ဖွယ်ရှိပါသည်။

ဥပမာ – ရေမကူးတတ်သော ကလေးတစ်ယောက် မြစ်ထဲ ရေဆင်းချိုးမည်ရှိရာ အမေကဖြစ်စေ၊ အစ်ကိုအစ်မ တစ်ယောက် ယောက်ကဖြစ်စေ "မြစ်ထဲမှာ မိကျောင်းကြီးရှိတယ်၊ မိကျောင်း ကြီးက မြစ်ထဲဆင်းတဲ့ ကလေးတွေကို ဆွဲစားပစ်တတ်တယ် ရေထဲ မဆင်းနဲ့" ဟု ခြောက်လှန့်ပြီး လိမ်ပြောသည်။ ကလေးက အဟုတ်ထင်မှတ်၍ မြစ်ထဲရေဆင်း မချိုးတော့ပေ။ ဤသို့ ကလေး အတွက်ရော မိဘအတွက်ပါ အကျိုးရှိသောကြောင့် ထိုသို့လိမ် ပြောခြင်းသည် အကုသိုလ်ဖြစ်သည်ဟု ဆိုနိုင်မည် မထင်ပေ။

သို့သော် – မုသာဝါဒသိက္ခာပုဒ်ကို စင်စင်ကြယ်ကြယ် စောင့်ထိန်းလိုသော ပုဂ္ဂိုလ်အဖို့မူ ထိုကဲ့သို့ ပြောဆိုခြင်းဖြင့် မုသာဝါဒသိက္ခာပုဒ် မပျက်ဟုကား မဆိုနိုင်ပေ။

## ၂။ ပိသုဏဝါစာ

မိမိကို ချစ်စေလို၍ ဖြစ်စေ၊ သူနစ်ဦးကို အမုန်းပွားပြီး ကွဲပြားစေလို၍ ဖြစ်စေ ကုန်းတိုက်ခြင်း, ရန်တိုက်ခြင်းကို "ပိသုဏဝါစာ ဒုစရိုက်" ဟု ခေါ်သည်။

### ပိသုဏဝါစာ အင်္ဂါ (၄) ပါး

၁။ ကုန်းတိုက်ခံရသူလည်း ရှိခြင်း။

၂။ မိမိကို ချစ်စေလို ( သို့မဟုတ် ) သူနစ်ဦးတို့

မုန်းစေလို, ကွဲပြားစေလိုသော စိတ်ရှိခြင်း။

၃။ လုံ့လပယောဂ ပြုခြင်း။

၄။ သူနှစ်ဦးတို့ စိတ်ဝမ်းကွဲပြားခြင်း။

ဤ၌လည်း အင်္ဂါလေးပါးစုံမှ ကံအထမြောက်သည်။ ကုန်းတိုက်သော်လည်း သူနှစ်ဦးတို့ မကွဲပြားလျှင် ကံမမြောက်ပေ။ သို့သော် သိက္ခာပုဒ်ကား ပျက်သည်။ ဤ၌ အင်္ဂါလေးပါး ဆိုသော်လည်း ၂-၃-၄ (၃)ပါးသာ လိုရင်းဖြစ်သည်။

ဆောင်ပုဒ်

* ကွဲစေလိုသည့်၊ စိတ်ဓာတ်ရှိ၊ ပြုဘိပယောဂ။
* ကွဲပြားလေခြား၊ ဤသုံးပါး၊ မှတ်သား ပိသုဏ။

၃။ ဖရုသဝါစာ

ခက်ထန်သော ဒေါသစိတ် (စေတနာ)ဖြင့် ကြမ်းတမ်းသော စကားတို့ကို ပြောဆိုခြင်း, ဆဲရေးခြင်းကို "ဖရုသဝါစာ ဒုစရိုက်" ဟုခေါ်သည်။

ဤ၌ စိတ်ကြမ်း, စေတနာကြမ်းခြင်းက လိုရင်းဖြစ်ပေသည်။ စိတ်စေတနာ မကြမ်းခဲ့လျှင် စကားလုံးကြမ်းသော်လည်း ဖရုသဝါစာဟု မဆိုရပေ။ ထို့အတူ - စကားလုံးမကြမ်း (ချိုသာ) စေကာမူ စိတ်စေတနာ ကြမ်းလျှင်ကား ထိုချိုသာသော စကားကို

ဖရုသဝါစာဟုပင် ခေါ်ရသည်။

## မိဘနှင့် သားသမီး

ဤနေရာ၌ ကျမ်းဂန်တို့တွင် သားသမီးကို စိတ်ဆိုးမာန်ဆိုးဖြင့် ကြမ်းတမ်းစွာ ပြောဆိုသော မိဘများ၏ စကားလုံးသည် ဖရုသဝါစာ မဖြစ်ကြောင်း ပြဆိုထားသည်။

သားတစ်ယောက်သည် မိဘကခိုင်းသည့် အလုပ်ကို မလုပ်ဘဲ ပေကပ်နေသဖြင့် မိဘကရိုက်မည်ဟု ဟန်ပြုသည်။ သားက တောထဲ ထွက်ပြေးသည်။ အမေက "တောထဲမှာ တောကျွဲမကြီးက လိုက်ခတ်လို့ သေပါစေတော်" ဟု ကျိန်ဆဲသည်။ အမေ ကျိန်ဆဲသည့်အတိုင်း တောထဲတွင် တောကျွဲမကြီးက ခတ်မည်ဟု အတင်းလိုက်သည်။ သားဖြစ်သူက ပြေးသည်။ ပြေး၍ မလွတ်မှန်း သိသောအခါ "အမေ့စိတ်ထဲ ရှိတဲ့အတိုင်း ဖြစ်ပါစေ၊ အမေ့နှုတ်ကပြောတဲ့ စကားအတိုင်း မဖြစ်ပါစေနဲ့" ဟု သစ္စာဆိုသည်။

တောကျွဲမကြီးသည် မလိုက်တော့ဘဲ ရပ်တန့်ကာ နောက်သို့ ဆုတ်ခွါသွားလေတော့သည်။ မိခင်၏ "တောထဲမှာ ဘောကျွဲမကြီးက လိုက်ခတ်လို့ သေပါစေတော်" ဟူသော စကားသည် ကျိန်ဆဲသော စကားဖြစ်၍ ကြမ်းတမ်းသော်လည်း မိခင်၏ စိတ်ထဲတွင် မိမိသားကို တောကျွဲမကြီး တကယ်လိုက်ခတ်မည်

ကို လုံးဝမလိုလားပေ။ ထို့ကြောင့် ထိုစကားသည် ဖရုသဝါစာ မဖြစ်၊ မိခင်ကြီးလည်း ဖရုသဝါစာ ဒုစရိုက် မဖြစ်ပေ။

## ဘုရင့်အမိန့်

လူတစ်ယောက်သည် ရာဇဝတ်မှု ကျူးလွန်သဖြင့် သေဒဏ်ထိုက်နေသည်။ ထိုသူ့ကို ဘုရင့်ရှေ့တော်သို့ ခေါ်လာရာ ဘုရင်က "ဤသူကို ချမ်းသာစွာ အိပ်ပါစေ" ဟုပြောသည်။ အမှန်မှာ ဤသူကို သတ်လိုက်ပါဟု ခိုင်းခြင်းဖြစ်သည်။

ထိုစကားသည် စကားလုံးအနေဖြင့် ချိုသာသော်လည်း စိတ်က ကြမ်းတမ်း ခက်ထန်နေသောကြောင့် "ဖရုသဝါစာ" ဖြစ်သည်။ ဘုရင်လည်း "ဖရုသဝါစာ" ဖြစ်သည်။

ဖရုသဝါစာ အင်္ဂါ (၃) ပါး

၁။ ဆဲရေးခံရသူလည်း ရှိခြင်း။

၂။ စိတ်ဆိုးခြင်း။

၃။ ဆဲလည်းဆဲရေးခြင်း။

ဆောင်ပုဒ်

* ခံရသူရှိ၊ စိတ်လည်းရှိ၊ ဆဲဘိကြမ်းတမ်းစွာ၊
* ဖရုသဝါစာ၊ ကြောင်းအင်္ဂါ၊ မှတ်ပါ ဤသုံးဖြာ။

၄။ သမ္ဖပ္ပလာပ

အကျိုးတစ်စုံတစ်ရာ မရှိသည့်အပြင် ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သည့် အကျိုးမရှိသော စကား (အတင်းအဖျင်းစကား, ဇာတ်စကား, ပွဲစကား)တို့ကို ပြောဆိုခြင်းသည် "သမ္ဖပ္ပလာပ" မည်၏။

ဤ၌လည်း အကျိုးမရှိသော စကားကို ပြောကာမျှဖြင့် "သမ္ဖပ္ပလာပ ဒုစရိုက်" အထမြောက်သည်ဟု မဆိုရ။ ထိုပြောဆိုသော စကားကို အဟုတ်ထင်မှတ်ပြီး လိုက်လုပ်သဖြင့် အကျိုးမဲ့ပျက်စီးပါမှ ပြောသူမှာ "သမ္ဖပ္ပလာပ ဒုစရိုက်" အထမြောက်သည်။

"သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" ဟု သိက္ခာပုဒ် ဆောက်တည်ထားသူမှာကား ထိုသို့ အကျိုးမရှိ အနှစ်အသား မပါသော စကားကို ပြောကာမျှဖြင့် သိက္ခာပုဒ် ပျက်သည်၊ သီလကျိုးသည်။

သမ္ဖပ္ပလာပ၏ အင်္ဂါ (၂) ပါး

၁။ အကျိုးမရှိ အနှစ်အသား မပါသော စကားကို ပြောလိုသည့် စေတနာရှိခြင်း။

၂။ ထိုစကားကို ပြောလည်းပြောခြင်း။

ကျမ်းဂန်တို့၌ ပြောဆိုသော ဤအင်္ဂါ ၂ ပါးမှာ သမ္ဖပ္ပလာပ

သိက္ခာပုဒ် (သီလ) ပျက်ခြင်း၏ အင်္ဂါသာဖြစ်သည်။ ကမ္မပထ မြောက်ခြင်းမှာ ထိုစကားကို အဟုတ်ထင်မှတ်ပြီး လိုက်လုပ်၍ အကျိုးမဲ့ ပျက်စီးမှသာ ဖြစ်ခြင်းကြောင့် အပြောခံရသူ (နားထောင်သူ) အကျိုးမဲ့ ပျက်စီးခြင်းဟူသော အင်္ဂါတစ်ပါးကို ထည့်၍ "သမ္ဖပ္ပလာပဒုစရိုက်" အထမြောက်ခြင်း၏ အင်္ဂါ ၃-ပါးဟု မှတ်ရမည်။

ဆောင်ပုဒ်

* ပြောလိုစိတ်ရှိ၊ ပြောတုံဘိ၊ ပျက်၏ ကျိုးစီးပွါး။
* သမ္ဖပ္ပလာပ၊ အင်္ဂါပြ၊ မှတ်ကြ ဤသုံးပါး။

မနောဒုစရိုက် ၃ ပါး

၁။ အဘိဇ္ဈာ = သူတစ်ပါးပစ္စည်းကို မတရားလိုချင်ခြင်း။
၂။ ဗျာပါဒ = သူတစ်ပါးတို့ကို ပျက်စီးစေလိုခြင်း။
၃။ မိစ္ဆာဒိဋ္ဌိ = အယူအဆ အတွေးခေါ် မှားယွင်းခြင်း။

ဤ ၃ ပါးတို့သည် ကိုယ်၌လည်း မဖြစ်၊ နှုတ်၌လည်း မဖြစ်၊ စိတ်ထဲတွင် ဖြစ်နေသော ဒုစရိုက်များ ဖြစ်သောကြောင့် "မနောကံ မနောဒုစရိုက်" ဟု ခေါ်သည်။

ဆောင်ပုဒ်

* မတရားလိုချင်၊ ပျက်စေချင်၊ အမြင်ယူဖောက်ပြန်။
* စိတ်တွင်ဖြစ်ငြား၊ ဤသုံးပါး၊ မှတ်သား မနောကံ။

## ၁။ အဘိဇ္ဈာ

အဘိဇ္ဈာဟူသည် သူတစ်ပါးပစ္စည်းကို မတရားလိုချင်သည့်လောဘတည်း။ သူတစ်ပါးပစ္စည်းကို လိုချင်ရုံမျှဖြင့် အဘိဇ္ဈာဟု မဆိုရ။ "ငါ့ပစ္စည်းဖြစ်လျှင် ဘယ်လောက်ကောင်းလိုက်မလဲ" ဟု မိမိပစ္စည်း ဖြစ်စေလိုခြင်း၊ မိမိပစ္စည်းဖြစ်အောင် မတရားသော နည်းတို့ဖြင့် ကြံစည်နေခြင်းကိုသာ "အဘိဇ္ဈာ" ဟု ဆိုရသည်။

အဘိဇ္ဈာ အင်္ဂါ (၂) ပါး

၁။ သူတစ်ပါးပိုင် ပစ္စည်းဖြစ်ခြင်း။

၂။ မိမိသို့လည်း ညွတ်စေခြင်း။

ဤအင်္ဂါ၂ပါးနှင့် ညီညွတ်လျှင် အဘိဇ္ဈာ ကမ္မပထမြောက်သည်။

## ၂။ ဗျာပါဒ

သူတစ်ပါးကို မုန်းတီးပြီး သူတစ်ပါးကို ပျက်စီးစေလို ဆင်းရဲစေလိုသော ဒေါသသည် "ဗျာပါဒ" မည်၏။

ဤ၌လည်း မုန်းတီးနေရုံမျှဖြင့် ကမ္မပထ မမြောက်၊ "ဒီကောင် ပျက်စီးသွားလျှင် ဘယ်လောက်ကောင်းလိုက်မလဲ" ဟု ပျက်စီးစေလို ဆင်းရဲစေလိုသော စိတ်ရှိသော်လည်းကောင်း၊ ထိုသူပျက်စီးစေ ဆင်းရဲဒုက္ခရောက်စေမည့် အလုပ်တို့ကို ကြံစည်စဉ်းစားနေသော်လည်းကောင်း ကမ္မပထ မြောက်သည်။

## ၃။ မိစ္ဆာဒိဋ္ဌိ

အယူအဆမှားယွင်းခြင်း, အတွေးအခေါ် ဖောက်ပြန်ခြင်း သည် မိစ္ဆာဒိဋ္ဌိမည်၏။

အယူအဆ မှားယွင်းခြင်းဟူသည် မိမိမကျွမ်းကျင်သော အလုပ်, ပညာရပ်နှင့် စပ်လျဉ်း၍ မှားယွင်းခြင်းမျိုးကို ဆိုသည် မဟုတ်။ လှူတာ အကျိုးမရှိ၊ ကုသိုလ်, အကုသိုလ်ဆိုတာ မရှိ၊ ကုသိုလ်, အကုသိုလ်၏ အကျိုးဆိုတာမရှိ၊ မိဘကို ကျေးဇူးဆပ်စရာ, ကျေးဇူးတင်စရာမလို၊ တမလွန်ဘဝဆိုတာမရှိ၊ ဒီဘဝသေလျှင် ပြီးသည်။ နတ်ပြည် ဗြဟ္မာပြည် ငရဲပြည် ဆိုတာမရှိ၊ ကောင်းသောအကျင့်ကို ကျင့်သုံးသည့် သူတော်စင် အရိယာပုဂ္ဂိုလ်ဆိုတာ မရှိ၊ တမလွန်လောကကို သိမြင်သည့် ပုဂ္ဂိုလ်ဆိုတာလည်း မရှိ၊ ကောင်းတာလုပ်လို့ ကောင်းကျိုးမရှိ စသည်ဖြင့် အတွေးအခေါ် မှားယွင်းခြင်းကို ဆိုသည်။

ထိုအယူအဆ အတွေးခေါ်မျိုး ရှိလာလျှင် အလွန်ကြောက်စရာကောင်း၏။ လူ့လောကကြီးကို ဖျက်ဆီးမည့် အတွေးအခေါ် များဖြစ်သည်။

### မိစ္ဆာဒိဋ္ဌိ အင်္ဂါ (၂) ပါး

၁။ ယူဆထားသော အယူအဆက မှားယွင်းခြင်း။

၂။ ထိုအယူအဆကို နှစ်သက်စွဲလန်းခြင်း။

ဤ အင်္ဂါ ၂ ပါးနှင့် ပြည့်စုံခဲ့လျှင် ထိုသူသည် သေလွန်သောအခါ ငရဲဘုံသို့ ရောက်ရမည် ဧကန်တည်း။

## အရက်သေစာ မူးယစ်ဆေးဝါး

ဤ ဒုစရိုက်(၁၀)ပါးတို့တွင် အရက်သေစာသောက်စားမှု, မူးယစ်ဆေးဝါး သုံးစွဲမှုတို့ တိုက်ရိုက် မပါပေ။

သို့သော်-လူတို့ အမြဲ ထိန်းသိမ်း စောင့်ရှောက်ရမည့် ငါးပါးသီလတွင် အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ရမည်ဟု ပြဆိုသောကြောင့် လူတို့လုံးဝ မပြုလုပ်သင့်သည့် ဒုစရိုက် ဖြစ်ပေသည်။

ထို့ပြင် အဋ္ဌကထာကျမ်းများ၌ အရက်သေစာ သောက်စားမှုကို ကာမေသုမိစ္ဆာစာရ ဒုစရိုက်၌ ထည့်သွင်း၍ ပြကြသည်။ "ကာမေသု-ကာမဂုဏ်တို့၌၊ မိစ္ဆာစာရ-မှားယွင်းစွာ ကျင့်မှု"ဟု အဓိပ္ပါယ်ရသောကြောင့် အရက်သေစာ သောက်ခြင်း, မူးယစ်ဆေးဝါး မှီဝဲခြင်းသည် ရသာရုံဟူသော ကာမဂုဏ်တစ်မျိုးကို ခံစားခြင်း(အရသာခံခြင်း)ဖြစ်၍ မှားယွင်းဖောက်ပြန်စွာ ကျင့်ခြင်းဖြစ်၏။

လောက၌ ထမင်း, ဟင်း, သစ်သီး, မုန့်စသည် စားစရာ သောက်စရာတို့ကို စားသုံးခြင်းသည် ရသာရုံဟူသော ကာမဂုဏ်ကို ခံစားခြင်းပင်တည်း။ သို့သော် ထိုထမင်းစသည့် အစားအစာ

တို့ကို စားသောက်ခြင်းသည် သက်ရှိသတ္တဝါတို့ အသက်ရှင်ရပ်တည်ရေးတွင် မရှိမဖြစ် လိုအပ်သောကြောင့် "များယွင်းစွာကျင့်သုံးခြင်း = မိစ္ဆာစာရ" ဟု မဆိုရပေ။

အရက်သေစာနှင့် မူးယစ်ဆေးဝါးတို့ကား – လူ၏ အသိဉာဏ်ကို တွေဝေစေသည်။ ကောင်းသောအမှု (ကုသိုလ်လုပ်ငန်း) တို့၌ မေ့လျော့စေသည်။ ကျန်းမာရေးကို ချွတ်ယွင်းစေသည်။ ကိုယ်ကျင့် စာရိတ္တကို ပျက်စီးစေသည်။ စီးပွါးဥစ္စာကို ဆုတ်ယုတ်စေသည်။ သာယာသော အိမ်ထောင်ရေးဘဝကို ဖျက်ဆီးပစ်သည်။ ပညာရှိ သူတော်ကောင်းတို့ စက်ဆုပ်အပ်သော အမှုဖြစ်သည်။ ပညာရေး,စီးပွါးရေး,ကုသိုလ်ရေး အဖက်ဖက်၌ ချွတ်ယွင်းစေသည်။ ထို့ကြောင့် အရက်သေစာ သောက်စားခြင်း, မူးယစ်ဆေးဝါး မှီဝဲခြင်းတို့သည် ရသာရုံဟူသော ကာမဂုဏ်ကို ဖောက်ဖောက်ပြန်ပြန် များများယွင်းယွင်း ကျင့်သုံးခြင်းဖြစ်၍ "ကာမေသု မိစ္ဆာစာရ ဒုစရိုက်" ၌ ထည့်သွင်းခြင်းဖြစ်ပေသည်။

အရက်နှင့် မူးယစ်ဆေးဝါးတို့ကို ဘာသာတိုင်းက ခွင့်မပြု။ ဆိုးဝါးသောအမှု အဖြစ်သာ ပြဆိုသည်။

သို့ဖြစ်ရာ – ပညာရေး, ကျန်းမာရေး, စီးပွါးရေး, ကုသိုလ်ရေး, ကိုယ်ကျင့်စာရိတ္တရေးဟူသော အရေးအရာ အဖြာဖြာတို့၌ ဘာမျှ ကောင်းကျိုးမပေးသော အရက်သေစာနှင့် မူးယစ်ဆေးဝါး

ကို အသိတရားရှိရှိဖြင့် ရှောင်ကြဉ်သင့်ပေသည်။

## ဒုစရိုက်အပြစ်များ

ဒုစရိုက် မကောင်းသော အကုသိုလ်ကံများသည် မကောင်းသော အကျိုးကို ပေးမည်မှာ သေချာပေသည်။ မကောင်းမှု ပြုသူကို မကောင်းကျိုး ရရှိအောင် စီမံခြင်းမှာ မည်သူကမှ ဒဏ်ခတ်သောကြောင့် ဖြစ်သည်မဟုတ်ပေ။ ကံတို့၏ သဘော (ကမ္မနိယာမ) အတိုင်း ကိုယ်ပြု၍ ကိုယ်ခံရခြင်း ဖြစ်သည်။

ဒုစရိုက်တွင် အပါအဝင်ဖြစ်သော ပါဏာတိပါတ စသော အကုသိုလ်ကံတို့၏ ဆိုးကျိုးတို့ကို ကျမ်းဂန်များ၌ ပြဆိုထားသည့်အတိုင်း အကျဉ်းအားဖြင့် ပြဆိုပါဦးမည်။

**ပါဏာတိပါတ - သူ့အသက်သတ်ခြင်း၏ အပြစ်**

သူတစ်ပါးအသက်ကို သတ်ဖြတ်သော ပုဂ္ဂိုလ်သည် ဖြစ်လေရာ ဘဝတို့၌--

၁။ ကိုယ်လက်အင်္ဂါ ချို့တဲ့ခြင်း။

၂။ ရုပ်ရည်အဆင်း မလှပခြင်း။

၃။ အင်အားနည်းခြင်း။

၄။ လျင်မြန်သွက်လက်မှုမရှိ လေးလံထိုင်းမှိုင်းခြင်း။

၅။ ကြောက်ရွံ့ထိပ်လန့်မှုများခြင်း။

၆။ သူတစ်ပါး၏ အသတ်ကိုခံရခြင်း။
၇။ အနာရောဂါ ပေါ်များခြင်း။
၈။ အားကိုးရသော အခြွေအရံပုဂ္ဂိုလ်များ ဆုံးပါးခြင်း။
၉။ အသက်တိုခြင်း – ဟူသော ဆိုးကျိုးများကို ခံစားရတတ်သည်။

## ပါဏာတိပါတမှ ရှောင်ကြဉ်ရခြင်း အကျိုး

သူတစ်ပါး အသက်ကို မသတ်ဘဲ သနားညှာတာသော ပုဂ္ဂိုလ်သည် –

၁။ ကိုယ်လက်အင်္ဂါ ပြည့်စုံခြင်း။
၂။ ရုပ်ရည် အဆင်းလှပ တင့်တယ်ခြင်း။
၃။ အင်အားကောင်းခြင်း။
၄။ လျင်မြန်သွက်လက်ခြင်း။
၅။ ရဲရင့်ထက်မြက်ခြင်း။
၆။ သူတစ်ပါတို့၏ လုံ့လပယောဂဖြင့် အသက် မဆုံးရခြင်း။
၇။ အနာရောဂါကင်း၍ ကျန်းမာခြင်း။
၈။ အခြွေအရံ ပေါ်များခြင်း။
၉။ အသက်ရှည်ခြင်း – ဟူသော အကျိုးများကို ရရှိပေသည်။

ဆောင်ပုဒ်

* ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျှ၊ ပြစ်များလှသည်၊ ရှောင်ကအပြန် အကျိုးတည်း။

မှတ်ချက်။ ။နောက်နောင် ဒုစရိုက်တို့၌ အပြစ်ကိုသာ ပြပါမည်။ ရှောင်ကြဉ်သဖြင့် ရနိုင်သောအကျိုးကို အပြန်အားဖြင့် သိကြပါလေ။

အဒိန္နာဒါန = သူ့ဥစ္စာခိုးခြင်း၏ အပြစ်

၁။ ပစ္စည်းဉစ္စာ ရှားပါးခြင်း၊ ဆင်းရဲခြင်း။

၂။ အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်း။

၃။ လိုချင်တာ မရခြင်း။

၄။ ရှိပစ္စည်းများ ဆုံးပါးပျက်စီးတတ်ခြင်း။

၅။ မီး. ရေ. မင်း. ခိုးသူ. အမွေခံသားဆိုး. သမီးဆိုးတို့နှင့် ကြုံတွေ့ရတတ်ခြင်း။

ဆောင်ပုဒ်

* သူများဉစ္စာ၊ ခိုးမိပါမူ၊ ဉစ္စာနည်းမွဲ၊ ဆင်းရဲငတ်ထ၊ လိုမရနှင့် ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊

ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်ခါ အပြန်အကျိုးတည်း။

ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်ဖောက်ပြန်ခြင်း အပြစ်

၁။ အမုန်းပွား၍ ရန်များခြင်း။

၂။ ပစ္စည်းဥစ္စာ ပျက်ပြားတတ်ခြင်း။

၃။ ကိုယ်စိတ်ချမ်းသာမှု နည်းခြင်း။

၄။ မိန်းမဘဝ၊နပုံပဏ္ဍုက် ဘဝ၌ ဖြစ်ရခြင်း။

၅။ ယုတ်ညံ့သော အမျိုး၌ ဖြစ်ရခြင်း။

၆။ မျက်နှာမလှ အရှက်ရ၍ နာမည်ပျက်ခြင်း။

၇။ အင်္ဂါလက္ခဏာ ချို့ယွင်းတတ်ခြင်း။ (အနာရောဂါ ပေါ်များခြင်း။)

၈။ စိုးရိမ်သောက များတတ်ခြင်း။

၉။ ချစ်သူနှင့် ကွေကွင်းရတတ်ခြင်း။

ဆောင်ပုဒ်

* မိစ္ဆာစာရ၊ ကျူးလွန်ကမူ၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ပါးရှားလာဘ၊ ချမ်းသာပဇ၊ မိန်းမပဏ္ဍုက်၊ မျိုးယုတ် ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာ ဣန္ဒြေ၊ ယွင်းသေ ချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

မုသာဝါဒ = လိမ်လည်ခြင်း၏ အပြစ်၊

၁။ စကားကို ပီသအောင် မပြောနိုင်ခြင်း။

၂။ သွားများ မညီမညာ ပေါက်ခြင်း။

၃။ ခံတွင်း ပါးစပ် နံစော်ခြင်း။

၄။ ကိုယ်သားကိုယ်ရေ စိုစိုပြည်ပြည် မရှိဘဲ ခြောက်ကပ်မွဲပြာနေခြင်း။

၅။ မျက်စိ.နားစသော ကိုယ်ကြည်ကြည်လင်လင်မရှိဘဲ နောက်ကျုနေခြင်း။

၆။ ရုပ်ပုံသဏ္ဍာန် ဖေါက်ပြန်တတ်ခြင်း။

၇။ ဩဇာအာဏာ မရှိခြင်း။

၈။ အပြောအဆို ကြမ်းတမ်းခြင်း၊ နှုတ်ကြမ်းခြင်း။

၉။ စိတ်တည်ငြိမ်မှု မရှိဘဲ လျှပ်ပေါ်လော်လီခြင်း။ (ရှင်လူအများ၏ ယုံကြည်မှုကို မခံယူရခြင်း။)

ဆောင်ပုဒ်

* မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီနှင့်၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၏၊ မရောက် အာဏာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရောင်သည်အပြန် အကျိုးတည်း။

သုရာမေရယ = အရက်သေစာသောက်ခြင်း၏ အပြစ်

၁။ အရေးအခွင့် သင့်-မသင့်၊ တော်-မတော်ကို မစဉ်းစားနိုင်ခြင်း။

၂။ အလုပ်အကိုင်၌ စိတ်မဝင်စားဘဲ ပျင်းရိခြင်း။

၃။ ကုသိုလ်တရားတို့၌ မေ့လျော့ပြီး မူးရူးနေတတ်ခြင်း။

၄။ သူ့ကျေးဇူးကို မသိတတ်ခြင်း။

၅။ အရှက် + အကြောက် (ဟိရီ + ဩတ္တပ္ပ) ကင်းတတ်ခြင်း။

၆။ အကုသိုလ် မှန်သမျှကို ပြုလုပ်မိတတ်ခြင်း။

ဆောင်ပုဒ်

* သေရည်သောက်လင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုမိရာသည်၊ ရောင်ခါ အပြန်အကျိုးတည်း။

သိင်္ဂါလောဝါဒသုတ်လာ အရက်သောက်ခြင်း၏ အပြစ် ၆ - ပါး

၁။ စီးပွားဥစ္စာ ပျက်စီးဆုံးရှုံးတတ်ခြင်း။

၂။ ခိုက်ရန်ငြင်းခုန် ဖြစ်တတ်ခြင်း။

၃။ အနာရောဂါ ပေါ်များခြင်း။

၄။ မကောင်းသတင်း ကျော်ကြားခြင်း။

၅။ အရက် အကြောက် ကင်းခြင်း။ (အရက်မလုံခြင်း။)

၆။ ဉာဏ်ပညာ(ဆင်ခြင်ဉာဏ်)အားနည်းတတ်ခြင်း။

ဆောင်ပုဒ်

* စီးပွားပျက်ပြား၊ ခိုက်ရန်ပွား၊ ပေါ်များနာရောဂါ။
* မကောင်းသတင်း၊ အရှက်ကင်း၊ ယိုယွင်းဉာဏ်ပညာ။
* သေရည်သောက်စား၊ ပြစ်ခြောက်ပါး၊ ဘုရားဟောမိန့်မှာ။
* လူကိုဖျက်ဆီး၊ အဆိပ်သီး၊ ပုံမှီးတူမကွာ။
* ကောင်းကျိုးမပေး၊ အဆိပ်ဆေး၊ ဝေးဝေးရှောင်ကြပါ။

## ဒုစရိုက်အပြစ်ပြ ဝတ္ထုသာဓကများ

ဤနေရာ၌ ဒုစရိုက်အကုသိုလ်၏ ဆိုးကျိုးများကို ခံစားရသည့် ဝတ္ထုသာဓကအချို့ကို အနည်းငယ်စီ ဖော်ပြပါမည်။

## ဝက်သတ်သမား စုန္ဒ

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ရာဇဂြိုဟ်မြို့တွင် စုန္ဒအမည်ရှိသော ဝက်သတ်သမားတစ်ယောက် ရှိသည်။ စုန္ဒသည် ဝက်တို့ကို မွေးမြူပြီး ဟင်းရွက်နှင့် မစင်များကျွေးကာ ဝဖြိုးအောင် ပြုသည်။

မွေးမြူထားသော ဝက်တို့မှ သတ်လိုသောဝက်ကို ဝက်ခြံ

ထဲမှ ထုတ်ကာ တိုင်တွင် ကြိုးဖြင့်ချည်ပြီး အသားဒုတ်ဖြင့် တစ်ကိုယ်လုံး လိုက်ထုသည်။ ထိုသို့ ထုခြင်းမှာ အသားတွေ ဖူးယောင်ပြီး အသားတိုးအောင် လုပ်ခြင်းဖြစ်သည်။

အတော်များများ ဖူးယောင်လာသည့်အခါ မလှုပ်နိုင်အောင်ကြိုးဖြင့် ချည်ထားပြီး ပါးစပ်ကို ဖြဲသည်။ ပါးစပ်ကို ပြန်မပိတ်နိုင်အောင် ဒုတ်ဖြင့် ထောက်ထားပြီး ကျိုက်ကျိုက်ဆူသော ရေနွေးကို ပါးစပ်ထဲ လောင်းထည့်သည်။ အရှင်လတ်လတ် ရေနွေးပူဖြင့် လောင်းခြင်းဖြစ်သည်။

ပါးစပ်ပေါက်မှ လောင်းထည့်လိုက်သော ကျိုက်ကျိုက်ဆူသော ရေနွေးသည် အစာဟောင်းအိမ်ရှိ မစင်တို့ကို ကျင်ကြီးပေါက်မှ ထွက်သွားစေသည်။

ဤသို့ ရက်ရက်စက်စက် သတ်လေ့ရှိသည်။

ဤသို့ ဝက်သတ်ပြီး ကိုယ်တိုင်လည်းချက်စား ကျန်တာကို ရောင်းစားသည်။ နှစ်ပေါင်း ၅၅ - နှစ်တိုင်တိုင် ဤပါဏာတိပါတ အလုပ်ဖြင့် အသက်မွေးသည်။

တနေ့တွင် ရောဂါစွဲလာသည်။ ဝက်ကို ရေနွေးကျိုက်ကျိုက်ဆူဖြင့် လောင်းခဲ့သော အကုသိုလ်ကြောင့် တစ်ကိုယ်လုံး ပူလောင်နေသည်။ ဝက်ကဲ့သို့ အော်ပြီး အိမ်ထဲမှာ ဝက်ကြီးကဲ့သို့ လေးဘက်ထောက်ပြီး သွားလာ လူးလိမ့်နေရသည်။

အိမ်သူအိမ်သားများက ရှက်လှသောကြောင့် အပြင်မထွက်နိုင်အောင် တံခါးများ ပိတ်ထားကြရသည်။

ဤသို့ဖြင့် စုန္ဒဝက်သတ်သမားသည် ၇-ရက်တိတိ အပူလောင်သော ဒုက္ခဒဏ်ကို မချိမဆန့်ခံရကာ ၈-ရက်မြောက်နေ့တွင် သေပြီး အဝီစိငရဲကြီးသို့ ရောက်ရလေတော့၏။

## ပူတိဂတ္တတိဿရဟန်း

ဘုရားရှင် လက်ထက်က သာဝတ္ထိမြို့သား တစ်ယောက်သည် သာသနာတော်ကို ကြည်ညို၍ ရဟန်းဝတ်သည်။ ရဟန်းတရား ကြိုးစားအားထုတ်သည်။ နောင်တွင် ထိုရဟန်း၏ ခန္ဓာကိုယ်၌ မုံညင်းစေ့ ပမာဏရှိသော အဖုအပိမ့်များ နေရာအနှံ့ထွက်လာသည်။ တဖြည်းဖြည်းကြီးလာကာ ဉသျှစ်သီးလောက်ထိကြီးသော အဖုအပိန့်ကြီးများ ဖြစ်လာသည်။ တစ်ကိုယ်လုံးမြင်မကောင်း ရှုမကောင်းအောင် ဖြစ်လာသည်။ ထိုအဖုအပိမ့်ကြီးများ ပေါက်ကွဲကာ သွေးပုပ်, ပြည်ပုပ်, အနာရည်များဖြင့်တစ်ကိုယ်လုံး ပေပွနေသည်။ အရိုးများလည်း ဆွေးပြီး ကျိုးကျန်သည်။ ပြုစုမည့်သူ မရှိဘဲ ဆင်းရဲစွာ နေရသည်။

နောက်ဆုံးတွင် ဘုရားရှင်ကြွလာပြီး ရေနွေးကြိုကာ အနာများကို ဖန်ဆေးပေးသည်။ သက်န်းများကို လျှော်စေသည်။

ထိုအခါမှ ထိုရဟန်းတော် စိတ်ရှင်လန်းလာကာ စိတ်တည်ငြိမ်လာသည်။ ဘုရားရှင်က ခန္ဓာကိုယ်၏ အပြစ်ကိုပြ၍ တရားဟောရာ ရဟန္တာဖြစ်သွားလေ၏။

ထိုရဟန်း ဤသို့ အနာကြီးများ မြင်မကောင်းအောင် ပေါက်ပြီး အရိုးများကျိုးကာ ဆင်းရဲဒုက္ခကြီးစွာ ရောက်ရခြင်းမှာ အတိတ် ဘဝတစ်ခုတုံးက ငှက်တို့ကို ဖမ်းဆီးသတ်ဖြတ်သည့် ငှက်မုဆိုး ဘဝဖြစ်စဉ် ရောင်း၍မကုန်သော ငှက်တို့ကို မပျံနိုင် မပြေးနိုင်အောင် ခြေထောက်တို့ကိုချိုး, တောင်ပံတို့ကိုချိုးခဲ့သော အကုသိုလ်ကံကြောင့်ပေတည်း။

## အဝတ်သူခိုးမ

ဈေးက ပြည့်တန်ဆာမ တစ်ယောက်သည် ရုပ်ရည်လှပသည့်အပြင် ဆံပင်လည်း အလွန်ကောင်းသည်။ ဆံပင်ကောင်းသောကြောင့် မြင်ရသူ ယောကျ်ားများက စွဲမက်ကြသည်။ ဤသည်ကို အမျိုးသမီးအချို့က သဝန်တိုသဖြင့် ထိုအမျိုးသမီး၏ အစေခံမအား လာဘ်ထိုးကာ ဖြားယောင်းပြီး ခေါင်းလျှော်ရည်ထဲသို့ ဆံပင်ကျွတ်ဆေးများ ထည့်ထားသည်။

ဆံပင်ကျွတ်ဆေး ထည့်ထားမှန်း မသိသဖြင့် ထိုအမျိုးသမီးက ခေါင်းလျှော်ရာ ဆံပင်အားလုံး ကျွတ်ကုန်တော့သည်။

ဆံပင်အလွန်ကောင်း အလွန်လှခဲ့သော ထိုအမျိုးသမီး

သည် ယခုလို ဆံပင်အားလုံးကျွတ်၍ ကတုံးဖြစ်သွားသောအခါ ရှက်လှသဖြင့် မြို့တွင်းမှာ မနေဘဲ မြို့ပြင်တစ်နေရာတွင် ဆီနှင့် အရက်ရောင်းကာ အသက်မွေးနေလေ၏။

တစ်နေ့တွင် အရက်မူးလဲနေသော သူတို့၏ အင်္ကျီ လုံချည်တို့ကို အသာချွတ်ပြီး ခိုးယူထားသည်။

ထိုအမျိုးသမီးသည် ရဟန္တာတစ်ပါးကို ကြည်ညိုလှ၍ နမ်းဖြင့်လုပ်သော မုန့်ဆွမ်းကို သဒ္ဓါထက်သန်စွာ လှူဒါန်းပြီး "ဆံပင်ကောင်း, ဆံပင်လှရပါလို၏၊ နူးညံ့ သိမ်မွေ့သော ဆံပင် တို့ကို ပိုင်ဆိုင်ရပါလို၏" ဟု ဆုတောင်းသည်။

သေသောအခါ အဝတ်ခိုးခဲ့သော အဒိန္နာဒါန အကုသိုလ် ကံနှင့် ရဟန္တာတစ်ပါအား မုန့်လှူခဲ့သောဒါန ကုသိုလ်ကံတို့ ရောနှောအကျိုးပေးသောကြောင့် သမုဒ္ဒရာထဲရှိ ကျွန်းလေးတစ် ကျွန်းပေါ်တွင် တစ်ယောက်တည်း နေရ၏။ ကုသိုလ်ကံကြောင့် ဘုံဗိမာန် အကောင်းစားကြီးနှင့် နေရသည်၊ ဆံပင်တွေကောင်း ဆံပင်တွေလှသည်၊ သို့သော် အဝတ်ခိုးခဲ့သော အကုသိုလ်ကံ ကြောင့် အဝတ်မဝတ်ရဘဲ ကိုယ်တုံးလုံးနေရသည်။ ထိုကျွန်း ထို ဗိမာန်မှာပင် ထပ်ခါထပ်ခါ ဖြစ်ပြီး အဝတ်တုံးလုံးနှင့် နေရသော ကြောင့် ရှက်လှသဖြင့် ဗိမာန်အပြင်ဘက်သို့ မထွက်ဝံ့ရှာပေ။

ဤသည်မှာ အဒိန္နာဒါန = ခိုးခြင်း၏ အပြစ်တည်း။

## ကာမဂုဏ်မှောက်မှား အပြစ်များ

ဘုရားရှင်လက်ထက်က ဣသိဒါသီ ရဟန္တာထေရီမ တစ်ပါးရှိသည်။ ထိုရဟန္တာထေရီမသည် ဤဘဝမရောက်မီ လွန်ခဲ့သော သတ္တမမြောက် ဘဝတုန်းက ဧကရစ္ဆမြို့တွင် ရွှေပန်းထိမ်သည် ယောကျ်ား ဖြစ်ခဲ့သည်။ ရုပ်ရည်ချောမော လှပသည့်အပြင် ပစ္စည်းဂုဏ်, အလုပ်ဂုဏ်လည်း ရှိသောကြောင့် အမျိုးသမီးတို့၏ စွဲမက်ခြင်းကို ခံရသည်။

ထိုရွှေပန်းထိမ်သည် ယောကျ်ားသည် ပျို+အို မရွေး အမျိုးသမီးများကို ပြစ်မှားခဲ့သည်။ ထိုကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကြောင့် ထိုရွှေပန်းထိမ်သည် ဘဝမှ သေသော် ငရဲသို့ ကျခဲ့ရသည်။ ငရဲဘဝမှ လွတ်သောအခါ မျောက်ဘဝ၌ ဖြစ်ရသည်။ မွေး၍ ၇-ရက်မျှသာ ရှိသောအခါ မျောက်ထီးကြီးက ထိုမျောက်ကလေး၏ ဝှေးစေ့တို့ကို ကိုက်ဖြတ်ပစ်လိုက်သည်။

မျောက်ဘဝမှ သေသောအခါ ဆိတ်ဘဝသို့ ရောက်သည်။ ထိုဆိတ်ဘဝတွင်လည်း ဝှေးစေ့ထုတ်ခံ (သင်းကွပ်ခံ) ရကာ ထိုဝှေးစေ့နာကြီးကို အပြင်းအထန် ခံခဲ့ရသည်။

ဆိတ်ဘဝမှ သေသောအခါ နွားဘဝသို့ ရောက်သည်။ ထိုနွားဘဝတွင်လည်း ဝှေးစေ့ထုတ်ခံ (သင်းကွပ်ခံ) ရပြန်သည်။

ထိုဘဝမှ သေသောအခါ ကျွန်မတစ်ယောက်၏ ဝမ်း၌ သန္ဓေ

စွဲကာ ယောက်ျားမဟုတ် မိန်းမမဟုတ် နပုံပဏ္ဍုက် ဖြစ်ခဲ့ရသည်။

ထိုဘဝမှ စုတေသောအခါ ဆင်းရဲသော အမျိုး၌ဖြစ်ပြီး အရွယ်ရောက်သောအခါ ယောက်ျားတစ်ယောက်၏ သိမ်းပိုက်ခြင်းကိုခံရကာ အမြှောင်မယားအဖြစ် နေခဲ့ရသည်။ နောက်ပိုင်းတွင် ထိုယောက်ျား၏ ရိုက်နှက်နှင်ထုတ်ခြင်းကို ခံခဲ့ရလေသည်။

ထိုဘဝမှ သေသောအခါ ဤဘုရားလက်ထက်တွင် ဥဇ္ဇေနီပြည်၌ အလွန်ချောမောလှပသော သူဌေးသမီးတစ်ယောက် ဖြစ်လာရသည်။ အရွယ်ရောက်သောအခါ အရွယ်တူ ဂုဏ်ရည်တူ အမျိုးသားတစ်ယောက်နှင့် လက်ထပ်ရသည်။ ယောက်ျားအပေါ်ရော ထိုယောက်ျား၏ မိဘဆွေမျိုးများအပေါ်၌ပါ လိုလေသေးမရှိ ပြုစုဆက်ဆံသော်လည်း လင်ယောက်ျား၏ မျက်နှာကောင်းကို မရခဲ့ပေ။ အမြဲတမ်း ဆူပူမာန်မဲခြင်း, နှိပ်စက်ခြင်းကိုသာ ခံရလေသည်။ နောက်ဆုံးတွင် လင်ယောက်ျား၏ စွန့်ပစ်ခြင်း, နှင်ထုတ်ခြင်းကို ခံခဲ့ရပေသည်။

(ဤသည်တို့မှာ ရှေ့ပန်းထိမ်သည် ဘဝက သူတစ်ပါး၏ အမျိုးသမီးများကို ကာမဂုဏ်လွန်ကျူး ပြစ်မှားခဲ့သော ပရဒါရ အကုသိုလ်ကံ (ကာမေသုမိစ္ဆာစာရကံ)၏ အကျိုးများပေတည်း။)

ယောက်ျား၏ စွန့်ပစ်ခြင်းကို ခံရသော ဣသိဒါသီသည် သံဝေဂ ရကာ သက်န်းဝတ်ပြီး ဘိက္ခုနီမအဖြစ် တရားအားထုတ်ရာ

ရဟန္တာထေရီမ အဖြစ်သို့ ရောက်ရှိခဲ့ရပေသည်။

(ထေရီဂါထာ၊ ၅၁၊ ၂၆၇)

ကျွတ်တန်းဝင်ရမည့် တကာယ့်ပါရမီ အရင့်အမာပုဂ္ဂိုလ်ပင် ဤဘဝတွင် ယောကျ်ားမဖြစ်ရဘဲ မိန်းမဘဝဖြင့်သာ ကျွတ်တန်း ဝင်ခဲ့ရသည်မှာ ထိုကာမေသုမိစ္ဆာစာရ အကုသိုလ်ကံ၏ လက်ချက်ပင်တည်း။

## လိမ်ညာခြင်းကြောင့် ဒုက္ခရောက်

## စိဉ္စမာဏ

ဘုရားရှင် လက်ထက်က စိဉ္စာမည်သော အမျိုးသမီးသည် အလွန်ချောမော လှပသည်။ စိဉ္စာသည် တိတ္ထိတို့ကို ကိုးကွယ်သည်။ တိတ္ထိတို့သည် ဘုရားရှင် ပွင့်လာသောအခါ လာဘ်လာဘ ပစ္စည်းပစ္စယ အရနည်းလာကြသဖြင့် မြတ်စွာဘုရားကို နာမည်ဖျက်ရန် အကြံထုတ်ကြသည်။

မြတ်စွာဘုရားကို စိဉ္စမာဏနှင့် စွပ်စွဲ နာမည်ဖျက်ရန်အတွက် စိဉ္စမာဏကို ဖြားယောင်းသည်။ နားချသည်။ စိဉ္စမာဏက သဘောတူသည်။

ဤသို့ဖြင့် စိဉ္စမာဏသည် ကောင်းမွန်စွာ ဖီးလိမ်းဝတ်စားကာ ညနေပိုင်း ဘုရားရှင်ထံ လူများတရားနာချိန်တွင် ဇေတဝန်

ကျောင်းဘက်သို့ ထွက်လာသည်။ လူတွေက ဘယ်သွားမလို့လဲ ဟု မေးသောအခါ "ကျမ ညအိပ်မည့် နေရာကို ရှင်တို့သိစရာ မလို"ဟုပြောပြီး ဟန်မပျက်သွားသည်။ ညတွင် ဇေတဝန်ကျောင်း အနီးရှိ တိတ္ထိတို့၏ ကျောင်း၌အိပ်ပြီး မနက်မိုးလင်း၍ စောစော စီးစီး ဘုရားကျောင်းတော်သို့ လူများလာလောက်သည့် အချိန် တွင် ဇေတဝန်ကျောင်းဘက်မှ မြို့ဘက်သို့ ပြန်လာခဲ့သည်။ "ညက ဘယ်မှာ အိပ်သလဲ.ဘယ်က အိပ်ရာထ ပြန်လာသလဲ" ဟု လမ်းသွားလမ်းလာတွေက မေးသောအခါ "ကျမ အိပ်တဲ့ နေရာကို ရှင်တို့သိဘို့မလို" ဟု ပြောလေ့ရှိသည်။

တစ်လခွဲ နှစ်လလောက်ကြာသောအခါ "ညည ရဟန်း ဂေါတမနှင့် ဂန္ဓာကုဋီတိုက်ထဲမှာ အိပ်သည်" ဟု သတင်းလွှင့် သည်။ သုံးလေးလလောက် ကြာသောအခါ မိမိဗိုက်ကို အဝတ် များ. ပျဉ်ချပ်များဖြင့်ပတ်ကာ ကိုယ်ဝန်ရှိလာဟန်ဆောင်သည်။

တစ်နေ့တွင် ဘုရားရှင် တရားဟောနေသည့် ဇေတဝန် ကျောင်းတွင်းရှိ ဓမ္မသဘင်သို့ ဝင်လာပြီး "အရှင်ဂေါတမ အရှင့် ကြောင့် ကျမမှာ ကိုယ်ဝန်ရှိလို့ ယခုဖွားခါနီးနေပြီ၊ ပျော်ပါးတုန်း ကတော့ ပျော်ပါးပြီး ယခုတော့ ကိုယ်ဝန် အစောင့်အရှောက် ကိုလည်းမပေး၊ မီးဖွားရမည့် အစီစဉ်ကိုလည်း ဘာမှစီစဉ်မပေး" စသည်ဖြင့် မဟုတ်မမှန် လိမ်ညာပြီး ပြောသည်၊ စွပ်စွဲသည်။

ဘုရားရှင်က "စိဥ္စာ ဒီကိုယ်ဝန်ဟာ ငါနဲ့ရတဲ့ ကိုယ်ဝန် ဟုတ်–မဟုတ်ဆိုတာ သင်နှင့်ငါ နှစ်ဦးသာသိသည်" ဟု အမိန့်ရှိသည်။

ထိုအခိုက်မှာပင် ဗိုက်တွင် ချည်နှောင်ထားသော ကြိုးများ အဝတ်များကို (ကြွက်ယောင်ဆောင်သည့် နတ်သားက ကိုက်ဖြတ်သဖြင့်) လူပရိသတ် အလယ်တွင် ပျဉ်ချပ်နှင့်တကွ အဝတ်များပါ ပြုတ်ကျကာ အလိမ်အညာ ချက်ခြင်းပေါ်သွား တော့သည်။

ထိုအခါကျမှ လူတွေက "ဘုရားရှင်ကို မမှန်မကန် လိမ်ညာ စွပ်စွဲတဲ့ အယုတ်မ" ဟု ဆိုပြီး ဝိုင်းရိုက်ကာ ဇေတဝန် ကျောင်းတိုက်ထဲမှ ဆွဲထုတ်ပစ်ကြသည်။

ဘုရားရှင် မမြင်လောက်သော အရပ်သို့ ရောက်သော အခါ အဝီစိငရဲမီးလျှံများ ထွက်လာပြီး အရှင်လတ်လတ် စိဥ္စမာဏကို မျိုချတော့သည်။ အဝီစိငရဲကြီးသို့ အရှင်လတ်လတ် ရောက်သွားလေတော့သည်။

## ကိုယ့်သားသမီး ကိုယ်ပြန်စားရသော ပြိတ္တာမ

ဘုရားရှင်လက်ထက်က ရဟန်းတော် ရှစ်ပါးတို့သည် ဘုရားဖူးရန် သာဝတ္ထိမြို့သို့ လာခဲ့ကြသည်။ သာဝတ္ထိမြို့နှင့် မနီး

မဝေး အရပ်တွင် ရွာငယ်တစ်ရွာရှိသည်။ ထိုရွာငယ် အနီးသို့ ရောက်သောအခါ တောတန်းတစ်နေရာတွင် ပြိတ္တာမတစ်ကောင်ကို(ကိုယ်ထင်ပြသဖြင့်) ရဟန်းတော်ရှစ်ပါးတို့ မြင်ကြရသည်။

အလွန်အရုပ်ဆိုး၍ မကောင်းသော အနံ့များထွက်ကာ ယင်ကောင်တွေ ဝိုင်းအုံနေသော ရွံစရာ ထိုပြိတ္တာမကို တွေ့ရသောအခါ ရဟန်းတော်များက "အဘယ် အကုသိုလ်ကံကြောင့် ဤမျှလောက် ဆင်းရဲဒုက္ခ ရောက်နေရသနည်း" ဟု မေးမြန်းကြသည်။

ပြိတ္တာမက "တပည့်တော်သည် လွန်ခဲ့သောဘဝက ဤရွာတွင် သူကြွယ်တစ်ယောက်၏ ဇနီးဖြစ်ခဲ့ပါသည်။ သားသမီး မထွန်းကားခဲ့ပါ။ ထို့ကြောင့် တပည့်တော်၏ ခင်ပွန်းကို ဇနီးတစ်ယောက် ထပ်ယူဖို့ တိုက်တွန်းသဖြင့် ဇနီးတစ်ယောက် ထပ်ယူခဲ့ပါသည်။

ထိုဒုတိယဇနီး ကိုယ်ဝန်ရှိလာသောအခါ ဝန်တိုပြီး ထိုဒုတိယဇနီး၏ ကိုယ်ဝန်ကို ကိုယ်ဝန်ကျဆေးတိုက်ကာ တပည့်တော် ဖျက်ဆီးခဲ့ပါသည်။ ၂-လသားရှိသော ကိုယ်ဝန် ပျက်ကျခဲ့ပါသည်။

ထိုဒုတိယဇနီး၏ မိဘနှင့် ဆွေမျိုးများက တပည့်တော်မကို ကိုယ်ဝန်ဖျက်ချသူဟု စွပ်စွဲကြပါသည်။ ထိုအခါ တပည့်တော်

က ကိုယ်ဝန်ဖျက်မချပါဟု လိမ်ညာပြောခဲ့ပါသည်။ တပည့်တော်၏ စကားကို မယုံကြသဖြင့် သူတို့ယုံအောင် "အကယ်၍ ကျွမသည် ကိုယ်ဝန်ဖျက်ချခဲ့သည် မှန်ပါက မိမိမွေးဖွားသည့် သားသမီးတို့ကို မိမိပြန်စားရသည့်ဘဝ ရောက်ရပါစေသား" ဟု ကျိန်တွယ် ပြောဆို ခဲ့ပါသည်။

ကိုယ်ဝန်ဖျက်ချခဲ့သည့် အကုသိုလ်, ထိုသို့ ကိုယ်ဝန်ဖျက်ချခဲ့ပါလျက် ဖျက်မချပါဟု လိမ်ညာပြောဆိုခဲ့သည့် အကုသိုလ်, မိမိမွေးဖွားသည့် သားသမီးတို့ကို မိမိပြန်စားရသည့် ကိုယ် ဖြစ်ရပါလို၏ဟု ကျိန်တွယ်ခဲ့သော အကုသိုလ်တို့ကြောင့် ထိုဘဝမှ သေသောအခါ ယခုကဲ့သို့ ပြိတ္တာမဘဝသို့ ရောက်ခဲ့ရပါသည်။

မှသာဝါဒ အကုသိုလ်ကြောင့် တပည့်တော်သည် တစ်ရက်လျှင် သားသမီး၁၀-ရောက် မွေးဖွားရပြီး မနက်၅-ယောက်၊ ည ၅-ယောက် သတ်စားနေရပါသည်။ ခန္ဓာကိုယ်မှ အလွန်ဆိုးဝါးသော အပုပ်နံ့များ ထွက်နေရပါသည်။ ဝန်တိုခဲ့သော အကုသိုလ်ကြောင့် အလွန်အရုပ်ဆိုးပြီး အစာရေစာ အလွန်ငတ်မွတ်လှပါသည်ဘုရား" စသည်ဖြင့် လျှောက်ထားလေ၏။

(ပေတ၊ ၄။ ၂၉)

## ကိုယ့်ရင်သွေးကိုပင် ရက်ရက်စက်စက် သတ်သောဖခင်

အရက်သေစာ သောက်စားမှုးယစ်သူသည် ပင်ကိုယ်က ဘယ်လောက် သဘောကောင်းကောင်း, စိတ်နလုံးဘယ်လောက် နူးညံ့နူးညံ့ အရက်သေစာ သောက်စားမှုးယစ်လာပြီဆိုလျှင် စိတ်တွေ ကြမ်းတမ်းလာတော့သည်။ စိတ်ကြမ်းလာသောအခါ ကိုယ်အမူအရာနှင့် အပြောအဆိုများလည်း ကြမ်းတမ်းလာတော့ သည်။

ရှေးက ဘုရင်တစ်ပါးသည် အရက်သေစာ အလွန်ကြိုက် သည်။ အရက်ကြိုက်သူသည် အသားကိုလည်း ကြိုက်သောကြောင့် အသားဟင်း မပါဘဲ မည်သည့်အခါမှ ထမင်းမစားပေ။ ထို့ကြောင့် စားတော်ကဲနှင့် စားတော်ချက်တို့သည် နေ့စဉ် ဘုရင့်စားတော်ပွဲ ထဲ၌ အသားဟင်းပါအောင် စီစဉ်ကြရသည်။

တစ်နေ့တွင် "သားမသတ်ရ" ဟု သတ်မှတ်ထားသော ကြောင့် အကြိုနေ့ကပင် ဘုရင့်ပွဲတော်အတွက် အသားများ ရှာ ထားရသည်။ ကံဆိုးချင်တော့ ထိုအသားများကို ခွေးများက အလစ် တွင် ဝင်ဆွဲသွားသောကြောင့် ထိုနေ့တွင် ဘုရင့်စားတော်ပွဲ၌ အသားဟင်း မပါပေ။

အသားဟင်းမပါသည့်အတွက် ဘုရင်အမျက်ထွက်မည် စိုးသောကြောင့် စားတော်ကဲနှင့် စားတော်ချက်တို့က မိဖုရားကြီး

ထံ အကူအညီ တောင်းကြသည်။ မိဖုရားကြီးက "မောင်မင်းတို့ ဘာမှ စိုးရိမ်မနေနဲ့၊ မောင်တော်ဘုရင်မင်းမြတ်ဟာ သူ့သားတော် လေးကို သိပ်ချစ်တယ်။ မောင်မင်းတို့ စားတော်ဆက်ချိန်မှာ သားတော်လေးကို ဘုရင့်ရင်ခွင်ထဲ ထည့်ထားပါမယ်။ သားတော် လေး ချစ်တဲ့စိတ်နဲ့ မောင်မင်းတို့ကို အပြစ်တင်မှာ မဟုတ်ပါဘူး။ မိဖုရားလည်း မောင်တော်မင်းမြတ် စိတ်မဆိုးအောင် ကြည့်ပြီး ဆောင်ရွက်ပေးပါ့မယ်" ဟု ပြောပြီး အားပေးလိုက်သည်။

စားတော်ပွဲ ဆက်ချိန်ရောက်၍ ဘုရင်အား စားတော်ပွဲ ဆက်ရန် စီစဉ်ကြသည်။ ထိုအချိန်က ဘုရင်သည် အရက်မူးနေ သည်။ မိဖုရားကြီး၏ စီမံချက်ဖြင့် သားတော်လေးကို ဘုရင့်ရင် ခွင်ထဲ ထည့်ထားချိန်ဖြစ်သဖြင့် အရက်မူးနေသော ဘုရင်ကြီး သည် သားတော်လေးကို ရင်ခွင်ထဲ ထားပြီး ကြည်နူးစွာ မြူးနေ ကစားနေချိန် ဖြစ်သည်။

စားတော်ပွဲဆက်၍ စားတော်ခေါ်မည် ပြုသောအခါ အသားဟင်းမပါကြောင်း သိသွားပြီး အသားဟင်း မပါရကောင်း လားဟု ဒေါသထွက်ကာ မပါရခြင်းအကြောင်းကို မေးသည်။ မိဖုရားကြီးကရော စားတော်ကဲကပါ အကျိုးအကြောင်း လျှောက် သောအခါ အရက်၏ အရှိန်ကြောင့် ပင်ကိုယ်စိတ် ပျောက်နေ သော ဘုရင်ကြီးသည် "ဒီလိုဆိုရင် ဒါကိုချက်ပြီး အသားဟင်း

အမြန်ချက်ကပ်" ဟု ပြောဆိုပြီး ရင်ခွင်ထဲရှိ သားကလေးကို လည်လိမ်ချိုး သတ်ပြီး ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေ၏။

မိဖုရားကြီးမှာ ဆောက်တည်ရာ မရတော့ပေ၊ စားတော်ကဲ နှင့် စားတော်ချက်တို့မှာလည်း ကြံရာမရဖြစ်ကာ အမိန့်တော် အတိုင်း စီစဉ်ကြရသည်။

ထမင်းစားပြီးသောအခါ တရေးတမော အိပ်ပျော်သွား သည်။ နိုးလာသောအခါ အရက်မူးလည်း ပြေနေပြီဖြစ်၍ သား တော်လေးကို ခေါ်ခဲ့ဖို့ အမိန့်ရှိသည်။ ထိုအခါမှ အဖြစ်အပျက် မှန်ကို သိရကာ ဘုရင်ကြီးလည်း စိတ်ထိခိုက်သွားတော့သည်။ မကြာခင် ဘိုစိတ်ရောဂါဖြင့်ပင် နတ်ရွာစံ ကံတော်ကုန်ရလေ၏။

အရက်သာ မမူးလျှင် သားတော်လေးကို ရက်ရက်စက် စက် သတ်ဖို့အမိန့်ပေးရန် မဆိုထားဘိ၊ မှက်.ခြင် ကိုက်သည်ကို ပင် လိုလားမည် မဟုတ်ပေ။ ယခုမူ အရက်၏ သတ္တိကြောင့်အလွန် ချစ်လှသော ရင်သွေးတော် သားလေးကို ရက်ရက်စက်စက် ကိုယ်တိုင်သတ်မိခြင်း ဖြစ်လေသည်။

## မဟုတ်မမှန် ဆဲရေးပြစ်

ဘုရားလက်ထက်က ဇမ္ဗုကသည် မျိုးကောင်း.ရိုးကောင်း မှ ပေါက်ဖွားလာသောသူ ဖြစ်သည်။

သို့သော် အတိတ်ဘဝတစ်ခုက ကျောင်းထိုင်ဘုန်းကြီး

ဖြစ်စဉ် မိမိကျောင်းသို့ ကြွလာသော အာဂန္တုက ရဟန္တာအရှင် မြတ်အား ကျောင်းဒကာက ကြည်ညိုခြင်းကို မနာလိုကာ ထိုရဟန္တာ အရှင်မြတ်အား စကားလေးမျိုး (ဆဲရေးခြင်းလေးမျိုး) ဖြင့် ဆဲရေးခဲ့သည်။

"အရှင်ဘုရားသည် ကျောင်းဒကာလှူသည့် သင်္ကန်းကို ဝတ်နေရခြင်းထက် တုံးလုံးနေရတာက ကောင်းသည်။ ကျောင်း ဒကာ လှူသည့်ဆွမ်းကို စားနေရခြင်းထက် ကိုယ့်မစင် ကိုယ်စား နေရတာက ကောင်းသည်။ ကျောင်းဒကာလှူသည့် ကုဋင်ပေါ် အိပ်ရခြင်းထက် မြေပေါ်မှာ အိပ်တာက ကောင်းသည်။ ကျောင်း ဒကာစေလွှတ်လိုက်သည့် ဆတ္တာသည် (ခေါင်းရိတ်သမား) က သင်တုန်းဓားဖြင့် ခေါင်းရိတ်ပေးခြင်းထက် ထန်းသီးမှုတ်ဖြင့် ညှပ်၍ ဆံပင်ကို နှုတ်ရခြင်းက ကောင်းသည်" ဟု ရဟန္တာ အရှင်မြတ်ကို ဆဲရေးခဲ့သည်။

ထိုအကုသိုလ်ကံကြောင့် ငရဲကျကာ ငရဲမှလွတ်သည့် အခါ ယခုဘဝတွင် ၅၅ -နှစ်လုံးလုံး အဝတ်မဝတ်ရ။ သူတစ်ပါး မစင်တို့ကိုသာ စားရသည်။ မြေပေါ်မှာဘဲ နေရသည်။ ခေါင်းရိတ် သည့် အခါတွင်လည်း အသားချောင်း နှစ်ချောင်းဖြင့် လည်ပင်း ကို ညှပ်ထားကာ ထန်းသီးမှုတ်ဖြင့် နှုတ်ခြင်းကို ခံရသည်။

ဤသည်မှာ မပြစ်မှားထိုက်သူကို ပြစ်မှားခြင်း၊ ဖရုသ

ဝါစာဖြင့် ကြမ်းတမ်းစွာ ဆဲရေးခြင်းဟူသော ဝစီဒုစရိုက်၏ အကျိုးဆက်ပေတည်း။

## ကုန်းတိုက်ခြင်းအပြစ်
## အရှင်ကောဏ္ဍဓာနမထေရ်

ဘုရားရှင်လက်ထက်က တေဒဂ်ဘွဲ့ထူးရရဟန္တာမထေရ်များတွင် အရှင်ကောဏ္ဍဓာနမထေရ် ပါဝင်သည်။ စာရေးတံမဲ ချလျှင် ရှေးဦးစွာ မဲကျသည့်အပြင် မဲအကောင်းစားလည်း ကျတတ်သည်။ ထို့ကြောင့် ဘုရားရှင်က "ပဌမံ သလာကဂ္ဂါဟ တေဒဂ်" ဘွဲ့ထူးကြီးကို ချီးမြှင့်တော်မူခဲ့သည်။

ထို အရှင်ကောဏ္ဍဓာနမထေရ်သည် ရဟန်းပြုပြီးသည့်အချိန်မှစ၍ သူ့နောက်သို့ မိန်းမတစ်ယောက် အမြဲ လိုက်ပါနေသည်။ ထိုမိန်းမကို အရှင်ကောဏ္ဍဓာန မမြင်ရပေ။ အခြားသူတို့သာ မြင်ကြရသည်။ ဤသို့ သွားလေရာ မိန်းမတစ်ယောက်အမြဲပါနေခြင်းကြောင့် သီလပျက်နေသည့် ဒုဿီလရဟန်းဟု ရဟန်းများက ကဲ့ရဲ့ကြသည်။ ဒါယကာ. ဒါယိကာမ အချို့ကလည်း ကဲ့ရဲ့ကြသည်။

အမှန်မှာ ထိုမိန်းမသည် လူမိန်းမလည်း မဟုတ်၊ နတ်မိန်းမလည်း မဟုတ်ပေ။ အတိတ်ဘဝက ပါလာသော အကုသိုလ်ကံ၏ ဝင့်ကြွေးကြောင့် အရိပ်သဖွယ် ပါနေသော မိန်းမဖြစ်သည်။

မိန်းမ အရိပ်အယောင်မျှသာ ဖြစ်သည်။

ဤသို့ ရဟန္တာဖြစ်မည့် ဘဝတွင်ပင် ကပ်ပါလာသော အကုသိုလ်ဝဋ်ကြွေးမှာ အခြားမဟုတ်ပေ။ အတိတ်ကပြုခဲ့သော ကုန်းတိုက်ခဲ့သည့် ပိသုဏဝါစာ အကုသိုလ်ကံ၏ ဝဋ်ကြွေးဖြစ်သည်။

အတိတ်ကဖြစ်ရပ်မှာ ဤသို့ဖြစ်သည်။

ကဿပ မြတ်စွာဘုရားရှင် လက်ထက်က ရဟန်းတော် နှစ်ပါးတို့သည် ညီအစ်ကို အရင်းကဲ့သို့ ချစ်ခင်ကြသည်။ သီလ ကိုလည်း စင်ကြယ်စွာ စောင့်ထိန်းသော ရဟန်းများ ဖြစ်ကြသည်။

ဤသို့ ရဟန်းနှစ်ပါး ချစ်ခင်စွာ နေထိုင်ကြသည်ကို နတ်သားတစ်ယောက်က မြင်ပြင်းကပ်လာဟန်ရှိသည်။ ဒီရဟန်း နှစ်ပါး စိတ်ဝမ်းကွဲသွားအောင် လုပ်မည်ဟု တွေးပြီး ထိုရဟန်း တော်နှစ်ပါးတို့ ဥပုသ်ပြုရန် ဥပုသ်ပြုရာဌာနသို့ ကြွအလာ ရဟန်း တစ်ပါးက ကျင်ငယ်စွန့်လို၍ ခြုံတစ်ခြုံအတွင်းသို့ ဝင်ပြီး ကျင်ငယ် စွန့်သည်။ ကျန်ရဟန်းတစ်ပါးက ရပ်စောင့်နေသည်။

စိတ်ဝမ်းကွဲအောင် လုပ်လိုသော နတ်သားသည် ခြုံထဲ ဝင်၍ ကျင်ငယ်စွန့်သောရဟန်း ခြုံထဲမှ ပြန်ထွက်အလာ မိန်းမ အသွင် ဖန်ဆင်းပြီး ထိုရဟန်း၏ နောက်မှ လက်တစ်ဖက်ဖြင့် ဆံထုံးကို လက်တစ်ဖက်ဖြင့် ထမီကို ကိုင်မကာ ထွက်လာသည်။ ထိုမိန်းမကို ကျင်ငယ်စွန့်သော ရဟန်းကမမြင်၊ ရပ်စောင့်နေသော

သူငယ်ချင်းရဟန်းက မြင်သည်။ ထို့နောက် ထိုအမျိုးသမီးသည် ကွယ်ပျောက်သွားလေ၏။ ရပ်စောင့်နေသောရဟန်းက ကျင်ငယ်စွန့်ဝင်သော ရဟန်းကို "ငါ့ရှင်မှာ သီလကျိုးပျက်ခဲ့ပြီ ဖြစ်၍ သီလမရှိတော့" ဟု ဆို၏။ ရဟန်းက သီလမကျိုးပျက်ကြောင်း ပြောသော်လည်း မရတော့။ ကိုယ်တိုင် မိန်းမကို မြင်လိုက်ရ၍ လုံးဝအထင်လွဲကာ ထိုရဟန်းနှင့် အပေါင်းအသင်း မလုပ်တော့ပေ။ ထိုရဟန်းနှင့် ဉပုသ်လည်း အတူမပြုတော့ပေ။

ဤသို့ တစ်ပါးနှင့် တစ်ပါး စိတ်ဝမ်းကွဲရုံမျှမက သံဃာတော်များပါ သံသယပွါးအောင် လုပ်မိသဖြင့် သံဃာများကလည်း ထိုရဟန်းတော်ကို အပေါင်းအသင်း မလုပ်ကြတော့ပေ။

ဤသို့ ရဟန်းတော်နှစ်ပါး စိတ်ဝမ်းကွဲအောင် ကုန်းတိုက်ခဲ့သောကြောင့် ထိုဘဝမှ သေသော် ထိုကုန်းတိုက်ခဲ့သော နတ်သားသည် အဝီစိငရဲကြီး၌ ကာလကြာမြင့်စွာ ခံခဲ့ရပြီးနောက် ဤဘုရားလက်ထက်တွင် သာဝတ္ထိမြို့၌ လာဖြစ်ကာ အရွယ်ရောက်သောအခါ ရဟန်းဝတ်သည်။

ရဟန်းပြုချိန်မှစ၍ မိမိပြုခဲ့သော ကံအားလျော်စွာ မိန်းမတစ်ယောက် နောက်ကပါနေသကဲ့သို့ ထင်ရပြီး ဒုဿီလရဟန်းအဖြစ် ကဲ့ရဲ့ရှုံ့ချ ခံခဲ့ရပေသည်။

နောက်ပိုင်းတွင် ဘုရားရှင်က တရားဟော ဆုံးမတော်မူ

မှ ဆုံးမဩဝါဒတော်အတိုင်း နေထိုင်ကျင့်သုံးလေရာ ရဟန္တာအဖြစ်သို့ ရောက်ရလေ၏။

ရဟန္တာဖြစ်မှပင် ထိုမိန်းမ အရိပ်အယောင်သည်လည်း ပျောက်သွားရလေသည်။

## ကုသိုလ်တရားများ

ဗုဒ္ဓဘာသာ၌ ဘုရားရှိခိုးခြင်း၊ ဂုဏ်တော်ပွါးခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ ဆောက်တည်ခြင်း၊ သံဃာကို ရှိခိုးခြင်း၊ ဆွမ်းလောင်းခြင်း၊ ကျောင်းဆောက်လှူဒါန်းခြင်း၊ ဆေးရုံ, ဆေးခန်း, စာသင်ကျောင်း, ဓမ္မာရုံ, တန်ဆောင်း ဇရပ်များ ဆောက်လုပ်လှူဒါန်းခြင်း၊ လမ်းပြင်ခြင်း၊ လမ်းဖို့ခြင်း၊ တံတားဆောက်ခြင်း၊ မိဘဆရာသမားကို ရိုသေခြင်း၊ ရှိခိုးကန်တော့ခြင်း၊ မိဘဆရာသမား စကားတို့ကို နားထောင်ခြင်း၊ မိမိထက် အသက်ကြီးသူ ဂုဏ်ကြီးသူတို့ကို အရိုအသေပြုခြင်း၊ ကြီးသူကိုရိုသေ,ရွယ်တူကိုလေးစား, ငယ်သူကို သနားခြင်း၊ သက်ကြီးရွယ်အို ပုဂ္ဂိုလ်တို့ကို ကူညီဖေးမခြင်း၊ မိဘဆရာသမားနှင့် အသက်ကြီးသူတို့ကို အရိုအသေပြုခြင်း၊ လမ်းဖယ်ပေးခြင်း၊ ထိုပုဂ္ဂိုလ်တို့လာလျှင် မတ်တပ်ရပ် အရိုသေပြုခြင်း၊ လက်အုပ်ချီခြင်း၊ ထိုပုဂ္ဂိုလ်တို့ ရှေ့ဝယ် ကိုယ်ကိုကိုင်းညွတ် အရိုအသေပြု၍ သွားခြင်း၊ အပြစ်

ကင်းသော စာပေဗဟုသုတတို့ကို လေ့လာဆည်းပူးခြင်း၊ ပညာသင်ပေးခြင်း၊ တရားဟောခြင်း၊ တရားနာခြင်း၊ ကျေးဇူးကိုသိတတ်ခြင်း၊ ကျေးဇူးကို တုံ့ဆပ်ခြင်း၊ စကားကို ယဉ်ကျေးစွာပြောဆိုခြင်း၊ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းတို့ကိုလေးစားလိုက်နာခြင်း၊ အများကောင်းစားရေး ကိစ္စတို့ကို ဆောင်ရွက်ခြင်း၊ ဘုရားကိစ္စ, ကျောင်းကိစ္စနှင့် ရပ်ရေးရွာရေးကိစ္စတို့ကို ဆောင်ရွက်ခြင်းစသည်တို့သည် ကုသိုလ်များဖြစ်ပေသည်။

## သုစရိုက် ၁၀ ပါး

ဆိုခဲ့ပြီးသော ဒုစရိုက် (၁၀) ပါးတို့မှ ရှောင်ကြဉ်၍ အပြစ်ကင်းသော ကာယကံ, ဝစီကံ, မနောကံတို့ကို ဆောင်ရွက်ခြင်း(ဝါ) သုစရိုက်တရား ၁၀ - ပါးကို ကျင့်သုံးခြင်းသည်လည်း ကုသိုလ်ဖြစ်ပေသည်။

### ကာယသုစရိုက် ၃ ပါး

၁။ ပါဏာတိပါတ ဝိရတိ = သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါန ဝိရတိ = သူ့ဉစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ = သူတစ်ပါး သားမယား

ပြစ်မှား ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း။

ဝစီသုစရိုက် ၄ ပါး

၁။ မုသာဝါဒ ဝိရတိ = လိမ်လည် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ ပိသုဏာဝါစာ ဝိရတိ = ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ဖရုသဝါစာ ဝိရတိ = ကြမ်းတမ်းစွာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ သမ္ဖပ္ပလာပ ဝိရတိ = အကျိုးမရှိသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

မနောသုစရိုက် ၃ ပါး

၁။ အနဘိဇ္ဈာ = သူတစ်ပါးပစ္စည်းကို မတရား မလိုချင်ခြင်း။

၂။ အဗျာပါဒ = သူတစ်ပါးကိုမမုန်းတီးမပျက်စီးစေလိုခြင်း။

၃။ သမ္မာဒိဋ္ဌိ = အယူအဆ အတွေးအခေါ် မှန်ကန်ခြင်း။

ဝိရတိ ၃ မျိုး

ဒုစရိုက် (အကုသိုလ်) တို့မှ ရှောင်ကြဉ်ခြင်းကို ဝိရတိ ဟု ခေါ်သည်။ ထိုဝိရတိသည် -

၁။ သမ္ပတ္တ ဝိရတိ

၂။ သမာဒါနဝိရတိ
၃။ သမုစ္ဆေဒဝိရတိ - ဟု သုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့တွင် - သီလခံယူထား (ဥပုသ်စောင့်ထား) သောကြောင့်မဟုတ်ဘဲ ကောင်းမြတ်သောစိတ်ထားသက်သက်ဖြင့် ကြုံလာသော အကုသိုလ်အမှု(ဒုစရိုက်ဝတ္ထု)ကို မပြုလုပ်ဘဲ ရှောင်ကြဉ်ခြင်းသည် "သမ္ပတ္တဝိရတိ" မည်၏။

သီလခံယူထားသောကြောင့် (ဥပုသ်သီလစောင့်ထိန်းနေသောကြောင့်) ကြုံလာသော အကုသိုလ်ဒုစရိုက် လုပ်ငန်းကို မပြုလုပ်ဘဲ ရှောင်ကြဉ်ခြင်းသည် "သမာဒါနဝိရတိ" မည်၏။

လောကုတ္တရာမဂ်.ဖိုလ်တရားတို့ကို ရသဖြင့် အကုသိုလ်ဒုစရိုက်မှုကို မပြုတော့ဘဲ ရှောင်ကြဉ်ခြင်းသည် "သမုစ္ဆေဒဝိရတိ" မည်၏။

(သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့သည် သူ့အသက်ကို မသတ်ခြင်း၊ အာဏာဖြင့် စေခိုင်းသော်လည်း မသတ်ခြင်း၊ အရက်သေစာကို လိမ်ညာ၍ပင် တိုက်၍မရခြင်း စသည်တို့သည် ထိုသမုစ္ဆေဒဝိရတိ(မဂ်)၏ အစွမ်းကြောင့်ပေတည်း။)

ဤသည်တို့ကို ထောက်၍ သီလဆောက်တည် မထားသော်လည်း အကုသိုလ်ကို စက်ဆုပ်၍ ဖြစ်စေ၊ တစ်ဖက်သားကို ညှာတာသနား၍ ဖြစ်စေ ပါဏာတိပါတစသော အကုသိုလ် ဒုစရိုက်

တို့မှ ရှောင်ကြဉ်လျှင် သီလကုသိုလ် ဖြစ်သည်ဟု မှတ်ပါ။ (ကျူး လွန်စရာ ဝတ္ထုမတွေ့၍ ရှောင်နေခြင်း (မလုပ်ခြင်း)ကို ဝိရတိ (ကုသိုလ်) ဖြစ်သည်ဟု မမှတ်ရ။

ဤသုစရိုက် (၁၀) ပါးကို ကောင်းမြတ်သော လူ့ဘုံ, နတ်ဘုံတို့သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် "ကုသလကမ္မပထ တရား ၁၀ - ပါး" ဟုလည်း ခေါ်ပေသည်။

ဤသုစရိုက် (၁၀) ပါးကို ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်း, စိတ်တူလေးမျိုးနှင့် မြှောက်လျှင် သုစရိုက်အကျယ် (၄၀) ဖြစ်သည်။

## ပုညကိရိယာဝတ္ထု ၁၀ - ပါး

ထို့ပြင် ပုညကိရိယာဝတ္ထု ၁၀ - ပါးသည်လည်း ကုသိုလ်များပင် ဖြစ်ပေသည်။ ထို ၁၀ - ပါးမှာ အောက်ဖော်ပြလတ္တံ့ အတိုင်း ဖြစ်သည်။

၁။ ဒါန = စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။

၂။ သီလ = ရဟန်းသာမဏေတို့၏ သီလ, လူတို့၏ သီလတို့ကို စောင့်ထိန်းခြင်း။

၃။ ဘာဝနာ = မေတ္တာပို့ခြင်း၊ ဘုရားဂုဏ်တော် ပွားများခြင်း စသော သမထဘာဝနာနှင့် အနိစ္စ, ဒုက္ခ, အနတ္တဟု သိမြင်အောင် ရှုမှတ်

ဆင်ခြင်ခြင်းဟူသော ဝိပဿနာဘာဝနာ
လုပ်ငန်းတို့ကို အားထုတ်ခြင်း။

၄။ အပစာယန = ရတနာသုံးပါးနှင့် အသက်သိက္ခာဂုဏ်ဝါ
ကြီးမားသူတို့ကို အရိုအသေ ပြုခြင်း။

၅။ ဝေယျာဝစ္စ = ရတနာသုံးပါးနှင့် စပ်သောကိစ္စများ, မိဘ
ဆရာသမားစသော ပုဂ္ဂိုလ်တို့၏ ကိစ္စများ,
ရပ်ရေးရွာရေး သာသနာရေးကိစ္စများကို
စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ခြင်း။

၆။ ပတ္တိဒါန = မိမိ၏ ကုသိုလ်ကို သူတစ်ပါးတို့အား
ဝေမျှခြင်း၊ အမျှဝေခြင်း။

၇။ ပတ္တာနုမောဒန = သူတစ်ပါးတို့ ပြုသော ကုသိုလ်
ကောင်းမှုကို ဝမ်းမြောက်ခြင်း၊ သာဓုခေါ်
ခြင်း။

၈။ ဓမ္မဿဝန = တရားနာခြင်း၊ အပြစ်ကင်းသော စာပေ
များ၊ ဗဟုသုတများကို ဆည်းပူးလေ့လာ
ခြင်း။

၉။ ဓမ္မဒေသနာ = လာဘ်ကိုမငဲ့ဘဲ တရားဟောခြင်း၊ စာ
ပေသင်ကြားပေးခြင်း။

၁၀။ ဒိဋ္ဌိဇုကမ္မ = အယူကို ဖြောင့်မှန်အောင်ပြုခြင်း။

## ရွှေနှင့်တူသော ကုသိုလ်

ရွှေသည် လောက၌အဖိုးတန်သည်။ လူတို့စုံမက်မြတ်နိုး မှုကို ခံရသည်။ လူ၏ကောင်းကျိုးကို ဆောင်သည်။ ရွှေရှိသော ပုဂ္ဂိုလ်သည် ဘယ်အခါမှ မဆင်းရဲပေ။

ထို့အတူ ကုသိုလ်သည်လည်း အဖိုးတန်၏။ နည်းနည်း လေးသော ကုသိုလ်သည်ပင် နတ်စည်းစိမ် နတ်ချမ်းသာကြီးကို ရစေနိုင်သည်။ ကုသိုလ်များများရှိသော ပုဂ္ဂိုလ်သည် အထက် တန်းစား ဘဝတို့၌ ကောင်းမြတ်သော ကောင်းကျိုးချမ်းသာ တို့ကို ခံစားရသည်။ လောကီချမ်းသာ အမျိုးမျိုးကိုသာမက ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာဟူသော အထက်တန်းစား လောကုတ္တရာ ချမ်းသာတို့ကို ကုသိုလ်ဖြင့်သာ ရနိုင်သည်။

ရွှေသည် နည်းနည်းလေးဖြစ်ပါစေ အဖိုးတန်သကဲ့သို့၊ အမြတ်တနိုး သိမ်းဆည်းရသကဲ့သို့ ကုသိုလ်သည်လည်း နည်းနည်းလေးလည်း တန်ဖိုးရှိသည်။ အလတ်စားလည်း တန်ဖိုးရှိသည်။ များများကြီးလည်း တန်ဖိုးရှိသည်။ ထို့ကြောင့် နည်းနည်းလေးရလည်း နည်းနည်းလေး ပြုလုပ်ရသည်။ အလတ် စား ကုသိုလ်ရခွင့် ကြုံလျှင်လည်း ထိုအလတ်စား ကုသိုလ်ကို ရရှိအောင် ကြိုးစားရသည်။ အကြီးစား အမြတ်စားကုသိုလ်

ဆည်းပူးခွင့် ကြုံလျှင်လည်း ထိုအမြတ်စား အကြီးစား ကုသိုလ်တို့ကို မဖြစ်မနေရအောင် အားထုတ်ရပေသည်။

## ကျောက်ခဲ သံခဲနှင့်တူသော အကုသိုလ်

ကျောက်ခဲသည် သေးငယ်သည်ဖြစ်စေ၊ ကြီးမားသည်ဖြစ်စေ ရေ၌မြုပ်တတ်သော သဘောရှိသကဲ့သို့ အကုသိုလ်သည်လည်း သေးငယ်သည်ဖြစ်စေ, ကြီးသည်ဖြစ်စေ မကောင်းသော အပါယ် ၄ - ဘုံသို့ ပို့ဆောင်တတ်သော သဘောရှိသည်။

ထို့ကြောင့် "နည်းနည်းလေးပါ၊ သေးသေးလေးပါ"ဟု အကုသိုလ်ကို အထင်မသေးသင့်ပါပေ။ ပြဆိုခဲ့ပြီး ဒုစရိုက်အကုသိုလ် အပြစ်ပြ ဝတ္ထုသာဓကအချို့တွင် ဘာမျှမကြီးကျယ်သော အကုသိုလ်ကြောင့် ငရဲကျသူများ၊ ပြိတ္တာဘုံ ရောက်ရသူများကို တွေ့ကြပြီးဖြစ်ရာ သတိ,ပညာ ရှေ့သွားပြုပြီး အကုသိုလ်ကို မပြုမိအောင် ကြိုးစားအားထုတ်သင့်ပါပေသည်။

## ဗုဒ္ဓဘာသာနှင့် ကိုယ်ကျင့်စာရိတ္တ

ရုပ်ဆင်းသဏ္ဍာန် လှပ၍ ကြွယ်ဝချမ်းသာသော အမျိုး၌ ဖြစ်ကြရသော်လည်း ကိုယ်ကျင့်စာရိတ္တ ပျက်ယွင်းပါက အဆင်းလှသော်လည်း အနံ့မရှိသော ပေါက်ပန်းကဲ့သို့ မတင့်တယ်နိုင်ကြပေ။

(မြတ်ဗုဒ္ဓ)

## လူနှင့်တူသော လူ

မြတ်ဗုဒ္ဓသည် ကိုယ်ကျင့်စာရိတ္တ ကောင်းမွန်ရေးကို အထူးတန်ဖိုးထားသည်။ ကိုယ်ကျင့်စာရိတ္တ ကောင်းမွန်သူမှသာ လူနှင့်တူသောလူ (ဝါ) လူအစစ်ဟု ဆိုရသည်။

မင်းမျိုး စိုးမျိုးပင် ဖြစ်ပါစေ ကိုယ်ကျင့်စာရိတ္တ ပျက်ယွင်းလျှင် မြတ်ဗုဒ္ဓက မချီးမွမ်းပေ။ ရုပ်ရေအဆင်း လှပချင် လှပါစေ၊ ကိုယ်ကျင့်စာရိတ္တ မကောင်းလျှင် ဖြူစင်သူ.သန့်ရှင်းသူဟု ဗုဒ္ဓက မသတ်မှတ်ပေ။ ဂုဏ်ထူး ဘွဲ့ထူးကြီးတွေ များစွာရချင် ရပါစေ၊ ကိုယ်ကျင့်စာရိတ္တ ယုတ်မာနေလျှင် ထိုသူသည် လူ့လောက၏ အန္တရာယ်ကောင် ဖြစ်ပေသည်။ ထို့အတူ-ဩဇာအာဏာ ကြီးမားသူဖြစ်ပါလျက် ကိုယ်ကျင့်စာရိတ္တကို အလေးမထားသူဖြစ်လျှင် ထိုသူသည် လူ့လောကကို ကောင်းကျိုးဆောင်မည့်သူမဟုတ်ပေ။

ကိုယ်ကျင့်စာရိတ္တ ကောင်းမွန်သူ၊ လူ့မှုတာဝန် ကျေပွန်သူ၊ လူနှင့်တူအောင် နေထိုင်ကျင့်သုံး သူများသည်သာ လူ့လောက၏ အလှတန်ဆောင်များ ဖြစ်ပေသည်။ လူ့လောကကြီး၏ မီးရှူးတန်ဆောင်များ ဖြစ်သည်။

## လူလေးမျိုး

ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ လူလေးမျိုးရှိကြောင်း ထုတ်ပြထားသည်။

ထိုလေးမျိုးမှာ -

၁။ ငရဲသားနှင့် တူသော လူ။

၂။ ပြိတ္တာနှင့် တူသော လူ။

၃။ တိရစ္ဆာန်နှင့် တူသော လူ။

၄။ လူနှင့် တူသော လူ - တို့ဖြစ်သည်။

## ငရဲသားနှင့် တူသော လူ

ငရဲသားတို့သည် ညှင်းပန်းနှိပ်စက်မှုဒဏ်ကို အမြဲတမ်း ခံနေရသကဲ့သို့ ဒုစရိုက်မှုများ, စည်းကမ်းဥပဒေ ချိုးဖောက်မှုများ ကြောင့် ရာဇဝတ်သင့်နေသော ဒုစရိုက်ကောင်များသည် ငရဲသား တို့ကဲ့သို့ ညှင်းပန်းနှိပ်စက်မှုကို နေ့စဉ်လိုလို ခံနေရသောကြောင့် "ငရဲသားနှင့် တူသော လူ" ဟု ဆိုရပေသည်။

## ပြိတ္တာနှင့် တူသော လူ

အတိတ်က ကုသိုလ်နည်းပါးပြီး အကုသိုလ်ကံတွေ များခဲ့သော လူတို့သည် ဤဘဝတွင် အစားအသောက် အနေ အထိုင် ဆင်းရဲတေ်ပြတ်ကြသည်။ ဝဝလင်လင် မစားကြရ။ ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ကြရသည်။

ထိုသို့သော လူတို့ကို "ပြိတ္တာနှင့် တူသောလူ" ဟု ဆိုရ သည်။

## တိရစ္ဆာန်နှင့် တူသော လူ

လူဖြစ်ပါလျက် လူ့အသိဉာဏ်မရှိ၊ ကုသိုလ်.အကုသိုလ် မှန်းမသိ၊ အကုသိုလ်ကို အားရပါးရ ပြုတတ်သည်။ ကိုယ်ပိုင်ပစ္စည်း မရှိ၍ သူတစ်ပါးကို မှီခိုပြီး အသက်မွေးရသည်။

အချို့လူတို့သည် စည်းကမ်းကို ဖောက်ဖျက်မိ. ဥပဒေကို ချိုးဖောက်မိသဖြင့် တောကြို့အုံကြားသို့ ထွက်ပြေးကာ သူပုန် သူကန် သူခိုးဓားပြအဖြစ် နေထိုင်ကြရသည်။ တိရစ္ဆာန်ကဲ့သို့ တောကြို့ အုံကြားကို အမှီပြုပြီး နေရသည်။

ထိုသို့သောလူတို့ကို "တိရစ္ဆာန်နှင့် တူသော လူ" ဟု ဆိုရသည်။

## လူနှင့် တူသော လူ

ကုသိုလ်. အကုသိုလ်နှင့် အကျိုးရှိသည် မရှိသည်ကို ခွဲခြား သိတတ်သူ၊ အရှက် အကြောက်ရှိသူ၊ သနားကြင်နာ မေတ္တာ ကရုဏာရှိသူ၊ အကုသိုလ်ကို ရှောင်ကြဉ်၍ ကုသိုလ် တရားကိုသာ ကြိုးစားအားထုတ်သူ၊ အသိအလိမ္မာ ဉာဏ်ရှိပြီး၊ လူ့ကျင့်ဝတ်တို့ကို စောင့်ထိန်း လိုက်နာသူတို့သည် "လူနှင့် တူသော လူ (ဝါ) ပရမတ္ထမနုဿ (စစ်မှန်သော လူသား)" များဖြစ်သည်။

(ဝိမာန၊ ၄၊ ၁၉ - ၂၀)

## ကိုယ့်ကိုယ်ကို လိမ်ညာ၍ မရ

လောက၌ လူတို့သည် သူတစ်ပါးကိုသာ လိမ်၍ရသည်။ မိမိအကြောင်းကို မိမိအသိဆုံးဖြစ်၍ မိမိကိုမူ မိမိလိမ်၍ မရပေ။

လူတို့သည်ရောဂါတစ်ခုခုစွဲ၍အိပ်ရာထဲတွင် တစ်ယောက်ထဲ လဲလျောင်းနေသောအခါ ဖြစ်စေ၊ တစ်စုံတစ်ရာ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရသောအခါ ဖြစ်စေ၊ သေခါနီးကာလ ရောက်သောအခါ၌ ဖြစ်စေ မိမိအကြောင်းကို မိမိတွေးနေတတ်သည်။

ထိုအခါ ကုသိုလ်ကောင်းမှုများစွာပြု၍ ကိုယ်ကျင့်စာရိတ္တ ကောင်းမွန်သော ပုဂ္ဂိုလ်တို့သည် မိမိ၏ စင်ကြယ်သည့်အဖြစ်ကို မြင်တွေ့ရသောအခါ စိတ်ချမ်းသာသည်။ ရုပ်တွေကြည်လင်လာသည်။ အကုသိုလ်တွေများ၍ ကိုယ်ကျင့်စာရိတ္တ ပျက်ယွင်းသော ပုဂ္ဂိုလ်တို့သည် စိတ်နလုံးညစ်ညူးလာသည်။ ပူလောင်လာသည်။ စိတ်မရွှင်သဖြင့် ရုပ်တွေညှိုးလာသည်။

ဤသို့ စိတ်တွေညစ်နေ ပူလောင်နေခိုက် သေခဲ့လျှင် ငရဲ. တိရစ္ဆာန်. ပြိတ္တာ. အသုရကာယ် ဟုဆိုအပ်သော အပါယ် ၄ ဘုံသို့ တစ်ဘုံဘုံ သေချာပေါက် ရောက်ရမည်။ ကုသိုလ်စိတ်ဖြင့် စိတ်တွေ ကြည်လင်ရွှင်လန်းနေခိုက် သေဆုံးလျှင် လူ့ဘုံ. နတ်ဘုံဟူသော ကောင်းသောဘုံဘဝသို့ ရောက်ရသည်။

## ကိုယ်ကျင့်စာရိတ္တ ကောင်းခြင်းအကျိုး

ကိုယ်ကျင့်စာရိတ္တ ကောင်းခြင်း၏ အကျိုးတို့ကို ဘုရားရှင်က ဟောကြားတော်မူခဲ့သည်။

ကိုယ်ကျင့်စာရိတ္တ ကောင်းသူသည်--

၁။ စီးပွားဥစ္စာ တိုးတက်ခြင်း။

၂။ ကောင်းသောသတင်း ကျော်ဇောခြင်း။

၃။ ပရိသတ်အလယ် ရဲရင့်ခြင်း၊ မျက်နှာပွင့်ခြင်း။

၄။ မိမိကိုယ်ကို ဒုစရိုက်သမား အကုသိုလ်ကောင်စသည်ဖြင့် မစွပ်စွဲမိခြင်း၊ (ဝါ) အကုသိုလ်နောင်တ မဖြစ်ရခြင်း။

၅။ ပညာရှိ သူတော်ကောင်းတို့၏ ချီးမွမ်းမှု လေးစားမှုကို ခံရခြင်း။

၆။ သေခါနီး၌ စိတ်ကြည်လင်ရွှင်ပျခြင်း။

၇။ မတွေမဝေ သေရခြင်း။

၈။ သေသည့်အခါ သုဂတိဘုံဘဝတို့သို့ ရောက်ရခြင်း ဟူသော အကျိုးတရားတို့ကို ရရှိနိုင်လေသည်။

(အံ၊ ၂။ ၂၂၁-၃)

### စီးပွားပျက်ကြောင်း ၆-ပါး

ကိုယ်ကျင့်စာရိတ္တကောင်းသူသည် စီးပွားဥစ္စာ တိုးတက်

သည်ဟုဆိုရာ ကိုယ်ကျင့်စာရိတ္တ မကောင်းသူသည် စီးပွားဉစ္စာ ပျက်စီးဆုံးရှုံးနိုင်ကြောင်း အပြန်အားဖြင့် သိနိုင်လေသည်။

စီးပွားပျက်ကြောင်း ၆-ပါးကို သိင်္ဂါလောဝါဒသုတ်၌ ဘုရားရှင် ဟောတော်မူခဲ့သည်။ ထို ၆-ပါးမှာ -

၁။ သေရည်သေရက် မူးယစ်ဆေးဝါး သောက်စားခြင်း။

၂။ ညဥ့်အခါ အချိန်မတော် လှည့်လည်သွားလာခြင်း။

၃။ ပွဲလမ်းသဘင် အပျော်အရွှင်ကို ဝါသနာပါလွန်းခြင်း။

၄။ အလောင်းအစား အကစားကျူးခြင်း။

၅။ မကောင်းသည့် မိတ်ဆွေနှင့် ပေါင်းခြင်း။

၆။ ပျင်းရိခြင်း - တို့ဖြစ်ပေသည်။

ဤ ၆-ပါးအနက် ပျင်းရိခြင်းမှတစ်ပါး ကျန် ၅-ပါးသည် စာရိတ္တ ပျက်ယွင်းမှုများပင် ဖြစ်ကြောင်း တွေ့နိုင်ပါသည်။

## လောကပါလတရား ၂-ပါး

ကျမ်းဂန်တို့၌ ဟိရီနှင့် ဩတ္တပ္ပတို့သည် လူ့လောကကြီးကို ထိန်းသိမ်း စောင့်ရှောက်နေသည့် လောကစောင့် (လောကပါလ) တရားနှစ်ပါးဟု ဆိုပေသည်။

ဟိရီ ဟူသည် မကောင်းမှုပြုရမည်ကို ရှက်ခြင်းဖြစ်၍ ဩတ္တပ္ပ ဟူသည် မကောင်းမှုပြုရမှာကို ကြောက်ခြင်းတည်း။ ထို့ကြောင့် မြန်မာဘာသာ၌ ဟိရီ နှင့် ဩတ္တပ္ပကို "အရှက်နှင့်

အကြောက်" ဟု မြန်မာပြန်ဆို ကြလေသည်။

## လောကကြီးကို စောင့်ရှောက်ပုံ

ဟိရီနှင့် ဩတ္တပ္ပဟူသော အရှက်နှင့်အကြောက် တရားရှိသောကြောင့် လူသားလောကနှင့် တိရစ္ဆာန်တို့ ကွဲပြားခြားနားခြင်းဖြစ်သည်။

လူသားတို့သည် အရှက်+အကြောက် ရှိကြသည်။ တိရစ္ဆာန်တို့သည် အရှက်+အကြောက် မရှိကြပေ။

လူသားတို့သည် အရှက်+အကြောက် တရားနှစ်ပါးရှိခြင်းကြောင့် အမေနှင့်သား၊ အဖေနှင့်သမီး၊ မောင်နှင့်နှမ ကျူးလွန်ဖောက်ပြားမှု မရှိကြပေ။ တိရစ္ဆာန်လောက၌ကား ဟိရီ+ဩတ္တပ္ပ မရှိသောကြောင့် သားနှင့်အမိ၊ သမီးနှင့်အဖေတို့ ပြစ်မှားကြသည်။ မောင်နှမချင်းလည်း ဖောက်ပြန်ကြသည်။

အကယ်၍သာ ဤလောက၌ ထိုဟိရီ+ဩတ္တပ္ပ တရားနှစ်ပါးသာ မရှိခဲ့လျှင် တိရစ္ဆာန်တို့ကဲ့သို့ ပရမ်းပတာ ပျက်စီးသွားနိုင်သည်။ တိရစ္ဆာန်တို့နှင့် ဘာမျှမခြား ဖြစ်သွားနိုင်သည်။ ဟိရီ+ဩတ္တပ္ပ တရားနှစ်ပါး ရှိသောကြောင့်သာ တိရစ္ဆာန်တို့ထက်ထူးခြားသည့် အဆင့်အတန်းကို ရနေခြင်းဖြစ်သည်။

ဤသို့ လောကကြီး ပရမ်းပတာ ဖြစ်မသွားအောင် ထိန်းသိမ်းထားသောကြောင့် ထိုတရားနှစ်ပါးကို လောကစောင့်တရား

(လောကပါလတရား)ဟု ဆိုရပေသည်။

## ကိုယ်ကျင့်စာရိတ္တ အခြေခံ

ဤတရားနှစ်ပါးသည် လောကပါလတရား ဖြစ်သည့်အားလျော်စွာ လောကကြီး သာယာစိုပြေအောင် ထိန်းသိမ်းနိုင်သည်။

ဤတရားနှစ်ပါး ထွန်းကားမှသာ ကိုယ်ကျင့်စာရိတ္တများလည်း ကောင်းလာနိုင်ပါသည်။

အရှက်+အကြောက် မရှိသောသူသည် သတ်ဖို့ရန် ဝန်မလေးသကဲ့သို့ ခိုးဖို့. ပြစ်မှားကျူးလွန်ဖို့. လိမ်လည်ဖို့လည်း ဝန်လေးမည် မဟုတ်ပေ။ အထိန်းအချုပ်မဲ့နေသည့်အတွက် မကောင်းတာတွေကို အလွယ်တကူ လုပ်တတ်သည်။ သေရည်အရက် မူးယစ်ဆေးဝါး မှီဝဲသောက်သုံးခြင်း၊ လောင်းကစားခြင်း၊ ခိုးဆိုးတိုက်ခိုက်လုယက်ခြင်း၊ သူတစ်ပါးအပေါ် စော်ကားခြင်း၊ မိဘစသော ကျေးဇူးရှင်များအပေါ် မရိုမသေပြုခြင်း၊ တိုင်းပြည်က သတ်မှတ်ပြဌာန်းထားသော ဥပဒေတို့ကို ချိုးဖောက်ကျူးလွန်ခြင်းစသည့် မကောင်းသည့် အလုပ်များကို ဇက်ရဲလက်ရဲ ပြုကျင့်လာပေလိမ့်မည်။

ထိုအခါ လူ့လောကကြီး၌ လူမှုဒုက္ခများ ထူပြောလာကာ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံ ကြရမည် ဖြစ်ပေသည်။ သာယာ

ငြိမ်းချမ်းသော ဘဝကို ရကြမည် မဟုတ်ပေ။

ဟိရီ+ဩတ္တပ္ပ ထွန်းကားသော ခေတ်ဖြစ်ခဲ့လျှင် ထိုလူမှု ဒုက္ခများ အလွန့်အလွန်နည်းပါးပြီး သာယာအေးချမ်းသောဘဝ ကို တည်ဆောက်နိုင်ကြမည် ဖြစ်ပေသည်။

လူ့လောကကြီး တစ်ခုလုံးကို မဆိုထားဘိ၊ မိသားစု ၄-၅ယောက်ရှိသော အိမ်၌ပင်လျှင် အိမ်သူအိမ်သားများက အရှက်+ အကြောက် (ဟိရီ+ဩတ္တပ္ပ) မရှိခဲ့သော် တစ်ဦးနှင့် တစ်ဦး ငဲ့ညှာမှု စောင့်ထိန်းမှု မရှိဘဲ ထင်ရာလုပ်ကြပေတော့ မည်။ ထိုအခါ အချင်းချင်း မေတ္တာများ ခန်းခြောက်၍ ကြောက် စဖွယ် အနိဋ္ဌာရုံများနှင့် တွေ့ကြုံကြရမည် ဖြစ်ပေသည်။

ထို့ကြောင့် ကိုယ်ကျင့် စာရိတ္တကောင်းခြင်းသည် ဟိရီ+ ဩတ္တပ္ပ တရား၌ အခြေတည်ပြီး လူ့လောကကြီး တစ်ရပ်လုံး (သို့မဟုတ်) မိသားစုတစ်ခု၏ ငြိမ်းချမ်းသာယာမှုသည်လည်း ထိုတရားနှစ်ပါး၌ပင် အခြေတည်နေပေရာ ဟိရီ+ဩတ္တပ္ပဟူသော လောကပါလတရားနှစ်ပါး ထွန်းကားရန် အားထုတ်သင့်ပေသည်။

## တာဝန်ကျေပွန်မှု

လူသည် တစ်ယောက်တည်း နေသည်မဟုတ်၊ အပေါင်း အသင်း (ပတ်ဝန်းကျင်)နှင့် အတူနေရသည်။ ပတ်ဝန်းကျင် အပေါင်းအသင်းဟူရာ၌ မိဘ, သားသမီး, ညီအစ်ကိုမောင်နမ,

ဆွေမျိုးသားချင်း, မိတ်ဆွေ, ဆရာတပည့်တို့ ပါဝင်သည်။

လူသည် မွေးဖွားလာစဉ်က စ၍ မိဘတို့၏ ပြုစုစောင့်ရှောက်မှုကို ယူခဲ့ရသည်။ အမိ၏ နို့ချိုကို သောက်၍ ရပ်တည်လာရသည်။ အမေအဖေတို့ ပေးသောထမင်း, အစားအစာ, အဝတ်အထည်တို့ဖြင့် ကြီးပြင်းလာကြရသည်။ ညီအစ်ကိုမောင်နှမများ, ဆွေမျိုးများ၏ ချစ်ခင်ကြင်နာမှု, စောင့်ရှောက်မှု, ပြုစုယုယမှု, အားပေးမှုတို့ကို အစဉ်တစိုက် ရယူခဲ့ကြရသည်။

ထို့ကြောင့် လူသည် ပတ်ဝန်းကျင်၏ ကျေးဇူးနှင့် လုံးဝမကင်းပေ။

## အချင်းချင်း ကျေးဇူးသိရမည်

ဤသို့ ပတ်ဝန်းကျင်၏ ကျေးဇူးပြုမှုကို ရယူခဲ့ရသောကြောင့် မိမိကလည်း ပတ်ဝန်းကျင်အပေါ် ပြန်လည်၍ ကျေးဇူးပြုရပေမည်။

မိဘနှင့်သားသမီး၊ လင်နှင့်မယား၊ ဆရာနှင့်တပည့်၊ မိတ်ဆွေအချင်းချင်းတို့သည် မိမိတို့ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားတို့ကို ကျေပွန်အောင် ဆောင်ရွက်မှု (ဝါ)မိမိနှင့် စပ်ဆိုင်သူများအပေါ် ကျေးဇူးပြုနိုင်မှ အချင်းချင်း မေတ္တာကူးယှက်ကာ ညီညွတ်လာမည်၊ အဆင်ပြေလာမည်။ စိတ်ချမ်းသာကြမည်။ ကုသိုလ်တရားများ တိုးပွားကြမည်။

ဤသို့ မိမိတို့ သက်ဆိုင်ရာ တာဝန်ဝတ္တရားတို့ကို ကျေပွန်အောင် ဆောင်ရွက်ခြင်းသည် စာရိတ္တသီလဖြစ်၍ ကိုယ်ကျင့်တရားကို ဖြည့်ကျင့်ခြင်းပင် ဖြစ်ပေသည်။

## လူ့ကျင့်ဝတ်များ

ဤနေရာ၌ မြတ်ဗုဒ္ဓဟောကြားသည့် သိင်္ဂါလောဝါဒသုတ်လာ လူ့ကျင့်ဝတ်တို့ကို အကျဉ်းချုပ်၍ ဖော်ပြပါမည်။

(လူငယ် လူလတ်များ အရေးတကြီး သိရ ကျင့်ရမည့် ကျင့်ဝတ်တို့ကိုသာ ဦးစားပေး ဖော်ပြပါမည်။)

## မိဘကျင့်ဝတ် ၅ - ပါး

၁။ သားသမီးတို့ မကောင်းမှု မလုပ်အောင် သွန်သင်တားမြစ်ရခြင်း။

၂။ ကောင်းသည့် အလုပ်ကို ညွှန်ပြ၍ ထိုအလုပ်တို့ကို လုပ်ဖြစ်အောင် တိုက်တွန်း အားပေးခြင်း။

၃။ အတတ်ပညာတို့ကို သင်ပေးခြင်း။

၄။ အရင်းအနှီး ပစ္စည်းဥစ္စာတို့ကို ထုတ်ပေးခြင်း။

၅။ အရွယ်ရောက်သည့်အခါ သားသမီးတို့ကို ထိမ်းမြားလက်ထပ်ပေးခြင်း။

လင်္ကာ - မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

သားသမီးကျင့်ဝတ် ၅-ပါး

၁။ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း။

၂။ မိဘတို့၏ အလုပ်တို့ကို ကူညီလုပ်ကိုင်ခြင်း။

၃။ အမွေခံထိုက်အောင် လိမ်လိမ်မာမာ နေခြင်း။

၄။ မိဘတို့ ကွယ်လွန်သည့်အခါ ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေခြင်း။

၅။ အမျိုးအနွယ်ကို စောင့်ရှောက်ခြင်း။

လင်္ကာ - ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ၊ ကျင့်ဖွယ်သမီးတို့တာ။

ဤကျင့်ဝတ်ငါးပါး၌ အမွေခံထိုက်အောင် နေထိုင်ခြင်းဟူသည် လိမ်လိမ်မာမာနေခြင်း၊ မိဘတို့ ဂုဏ်သိက္ခာ မညှိုးနွမ်းအောင် နေထိုင်ခြင်း၊ မိဘတို့ကို စိတ်ချမ်းသာပြီး ကုသိုလ်တရားတိုးပွားအောင် ဆောင်ရွက်ခြင်းတို့ပေတည်း။

(မိဘစကား နားမထောင်သူ၊ မိဘစိတ်ဆင်းရဲအောင် လုပ်သူ၊ မိဘဂုဏ်သိက္ခာ ညှိုးနွမ်းအောင် လုပ်သူတို့သည် မိဘအမွေကို မခံထိုက်ပေ။)

အမျှဝေခြင်း ဆိုရာ၌လည်း သေမှသာ အမျှဝေရမည် မဟုတ်။ အသက်ထင်ရှားရှိစဉ်လည်း ကုသိုလ်ကောင်းမှု ပြုပြီး တိုင်း မိဘတို့အား သတိရကာ အထူးပြု၍ အမျှဝေရမည်။

(မိဘတို့သည် မိမိသားသမီးများ အကုသိုလ်အလုပ်တွေ လုပ်နေသည်ထက် ကုသိုလ်လုပ်ငန်းတွေ လုပ်နေသည် ကိုသာ မြင်လို ကြားလိုကြသည်။ မိမိတို့ သားသမီးများ ကုသိုလ်ကောင်းမှု ပြုသည်ကို သိရလျှင် လွန်စွာဂုဏ် ယူကြ ဝမ်းမြောက်ကြသည်။ ထို့ကြောင့် မိမိကုသိုလ်ကို မိဘတို့သိအောင် အမျှပေးဝေသင့်သည်။)

အမျိုးအနွယ်ကို စောင့်ခြင်းဟူရာ၌ - မိမိတို့၏ ကောင်း သော အစဉ်အလာများကို ထိန်းသိမ်းရမည်။ မကောင်းသော အစဉ်အလာ၊ မကောင်းသော အမူအကျင့်များကို မထိန်းသိမ်းရ၊ အတုမယူရပေ။ ထို့ပြင် မိဘတို့၏ မျိုးရိုးက ညံ့နေလျှင် ဂုဏ်ရှိလာ အောင်ကြိုးစားရမည်။ မိဘတို့ ပြုနေကျ ကုသိုလ်ဝတ်များကို လည်း မပျက်ရအောင် ကြိုးစားရမည်။

(ဆင်းရဲနွမ်းပါးသော သားသမီးတို့မှာ မိဘတို့၏ ကုသိုလ်ဝတ်များကို ထိန်းသိမ်းဖို့ မလွယ်ကူပေ။ သို့သော် တို့အမေ တို့အဖေ တို့ဘိုး တို့ဘွားတွေက ဒီလိုဒီလို ကုသိုလ်တွေ ပြုခဲ့ကြသည်ဟု စိတ်ထဲမှာ အသိအမှတ်ပြုပြီး ဒီကုသိုလ်တွေကို ဘယ်လို ထိန်းသိမ်းရပါ့မလဲဟု ထိန်းသိမ်းလို စောင့်ရှောက်လိုသော စိတ်ကား အမြဲတမ်းရှိနေ စေရမည်။)

(မိဘဂုဏ်ကျေးဇူးများ ကြီးမားပုံ၊ မိဘကျေးဇူးကို မည်သို့ မည်ပုံ ဆပ်သင့်ပုံ တို့ကို "အနန္တဂုဏ်ရည်ကျမ်း" ၌ ရှုပါ။)

ဆရာကျင့်ဝတ် ၅ - ပါး

၁။ အတတ်ပညာတို့ကို သင်ပေးရခြင်း။

၂။ လိမ်မာအောင်သွန်သင် ဆုံးမရခြင်း။

၃။ အတတ်ပညာတို့ကို မခြွင်းမချန် ပြည့်စုံအောင် သင်ပေးရခြင်း။

၄။ ဘေးအန္တရာယ် မကြုံရအောင် ကာကွယ်တားဆီးရခြင်း။

၅။ သင့်ရာ ပုဂ္ဂိုလ်များထံ အပ်နှံရခြင်း။

လင်္ကာ - အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ။

## တပည့်ကျင့်ဝတ် ၅ - ပါး

၁။ ဆရာသမား စေခိုင်းတာဝန်ပေးသည့် အမှုကိစ္စတို့ကို ရွှင်လန်းတက်ကြွ ညီညာဖြဖြ ဆောင်ရွက်ရခြင်း။

၂။ ဆရာ၏ ဆုံးမဩဝါဒကို လိုက်နာခြင်း။

၃။ ဆရာ့ထံ မကြာမကြာ ဆည်းကပ်ရခြင်း။

၄။ ဆရာ၏ ဝေယျာဝစ္စတို့ကို ဆောင်ရွက်ပေးရခြင်း။

၅။ စာပေပညာ အတတ်ပညာတို့ကို ကြိုးစား သင်ယူရခြင်း။

လင်္ကာ - ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

## လင်ကျင့်ဝတ် ၅ - ပါး

၁။ ဇနီးသည်ကို မထီမဲ့မြင် မပြုရခြင်း။

၂။ ရှာဖွေရရှိလာသည့် ပစ္စည်းဥစ္စာကို ဇနီးသည်အား အပ်နှံရခြင်း။

၃။ ဇနီးသည်မှ တစ်ပါး ဒ ခြားသော မိန်းမတို့နှင့် ဖောက်ပြားကျူးလွန်မှု မပြုရခြင်း။

၄။ အဝတ်အထည်. လက်ဝတ်တန်ဆာကို (မိမိအင်အားအလျောက်) ဇနီးသည်အား ဆင်ပေးရခြင်း။

၅။ ဇနီးသည်ကို မြတ်နိုးကြင်နာမှု ရှိရခြင်း။

မှတ်ချက်။ ။အမှတ် (၂) ကျင့်ဝတ်အရ ရှာဖွေရရှိလာသော ပစ္စည်းတို့ကို ဇနီးသည်အား အပ်နံ့ရမည် ဆိုရာ၌ - ဇနီးသည်က ထုံအသူ, အသုံးအဖြုန်းကြမ်းသူ, စနစ်တကျ မထိန်းသိမ်းတတ်သူ ဖြစ်လျှင်ကား မအပ်နံ့ဘဲ ကိုယ်တိုင် ထိန်းသိမ်းသင့်သည်။

လင်္ကာ - မထိမဲ့ကင်း၊ အပ်နင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

ဇနီးကျင့်ဝတ် ၅ - ပါး

၁။ အိမ်မှုကိစ္စတို့ကို နိုင်နင်းစွာ ဆောင်ရွက်ရခြင်း။

၂။ လင်ယောကျ်ား ရှာဖွေရရှိလာသော ပစ္စည်းဥစ္စာတို့ကို စနစ်တကျ ထိန်းသိမ်းတတ်ခြင်း။

၃။ မိမိလင်ယောကျ်ားမှ တစ်ပါး အခြားယောကျ်ားတို့နှင့် ကျူးလွန်ဖေါက်ပြားမှု မပြုရခြင်း။

၄။ ခင်ပွန်း သားသမီး အပါအဝင် အိမ်သူ အိမ်သား အလုပ်သမားများအပေါ် သင့်လျော်အောင် ပြုစုမှု, ပေးကမ်းမှု, စောင့်ရှောက်မှုတို့ကို ပြုရခြင်း။

၅။ ပျင်းရိမှု မရှိဘဲ ထကြွလုံ့လ ဝီရိယ ရှိရခြင်း။

လက်ာ - အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ်ဆွေကြည်ရောင်၊ လျော်
အောင်ဖြန့်ချို၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

မိတ်ဆွေ (သူငယ်ချင်း) ကျင့်ဝတ် ၅ = ပါး

၁။ တတ်စွမ်းသမျှ ပေးကမ်း ချီးမြှင့် ရခြင်း။

၂။ မိတ်ဆွေ သူငယ်ချင်း အပေါ် ကိုယ်ချင်းစာ တရားရှိ ရခြင်း။

၃။ မိတ်ဆွေ၏ အကျိုးကို ဆောင်ရွက်ခြင်း။

၄။ ချစ်ခင်ဖွယ်ရာ ချိုသာစွာ ပြောဆိုဆက်ဆံရခြင်း။

၅။ သစ္စာရှိခြင်း။ (သစ္စာမဖောက်ရခြင်း)။

မှတ်ချက်။ ။ မိတ်ဆွေ၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း ဟူရာ၌ မိတ်ဆွေသူငယ်ချင်း မကျန်းမာလျှင် ပြုစုခြင်း၊ စိတ်အား ငယ်နေလျှင် အားပေးခြင်း၊ မိတ်ဆွေသူငယ်ချင်းက မကောင်းမှု လုပ်နေသည် လုပ်တော့မည်ကို သိလျှင် တားဆီးရခြင်း၊ မိတ်ဆွေ သူငယ်ချင်း ကုသိုလ်ပြုနိုင်အောင် (ကုသိုလ်ရအောင်) ဆောင် ရွက်ပေးခြင်းတို့ကို ဆိုလိုသည်။

မိတ်ဆွေသူငယ်ချင်းက မကောင်းတာ လုပ်သည်ကို အားပေးအားမြှောက် ပြုခြင်း၊ ကောင်းတာလုပ်မည်ကို တားဆီး ကန့်ကွက်ခြင်း၊ မကောင်းတာလုပ်အောင် သွေးဆောင် ဖြား

ယောင်းခြင်းတို့ကား မိတ်ဆွေကောင်း, သူငယ်ချင်းကောင်းတို့၏ အကျင့် မဟုတ်ပေ။

လင်္ကာ - ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။

## မိတ်ဆွေတုနှင့် မိတ်ဆွေစစ်

လူတစ်ယောက် ကြီးပွားရာ၌ မိတ်ကောင်း ဆွေကောင်း ရှိခြင်းသည်လည်း အလွန်လိုအပ်ပေသည်။ မိတ်ကောင်းဆွေကောင်းသည် လောကီချမ်းသာရေးရာ၌သာမက အလွန်မွန်မြတ်သော လောကုတ္တရာ ချမ်းသာရေးရာ၌လည်း အရေးကြီးပေသည်။

လူသည် ပတ်ဝန်းကျင်နှင့် ကင်း၍ မရပ်တည်နိုင်ပေ။ ပတ်ဝန်းကျင်၏ ကောင်း + မကောင်းကို အခြေခံ၍ လူ၏ အဆိုး အကောင်းတို့လည်း ဖြစ်ပေါ်ရပေသည်။ "တံငါနားနီး တံငါ, မုဆိုးနားနီး မုဆိုး" ဟူသည်နှင့်အညီ နီးစပ်ရာ ဓာတ်ကူး၍ အကောင်း + အဆိုး၊ အကျိုး + အပြစ်များ ဖြစ်ကြရပေသည်။

အပေါင်းအသင်း သူငယ်ချင်း မိတ်ဆွေကောင်းများနှင့် ပေါင်းသင်းရသောသူသည် စိတ်ကောင်း, အကျင့်ကောင်းများ

ကူးစက်၍ ကုသိုလ်တရား, မင်္ဂလာတရားများ ဖြစ်ပွားကြရသည်။

မကောင်းသော သူငယ်ချင်းများနှင့် ပေါင်းသင်းရသော အခါ မကောင်းသည့် အမူအကျင့်များ စွဲကပ်ပြီး မကောင်းသော အမင်္ဂလာ အကုသိုလ်များသာ တိုးပွားရပေသည်။

ထို့ကြောင့် လူတစ်ယောက် ကြီးပွားတိုးတက်ရေး, လူကောင်း သူကောင်းဖြစ်ရေး၌ မိတ်ဆွေကောင်းတို့နှင့် ပေါင်းသင်းမိဖို့ အထူးအရေးကြီးရာ မိတ်ဆွေကောင်း + မိတ်ဆွေတုတို့၏ သရုပ်သဘောကို ဘုရားရှင်ဟောခဲ့သည့် သိင်္ဂါလောဝါဒ ၁, ၂မှ ထုတ်နှုတ်၍ အကျဉ်းချုပ် ပြပါဦးမည်။

## မိတ်ဆွေပျက် ၆-ယောက်

၁။ လောင်းကစားကျူးသော မိတ်ဆွေ။

၂။ ကာမလိုက်စားသော မိတ်ဆွေ။

၃။ အရက်သေစာ မူးယစ်ဆေးဝါး မှီဝဲသော မိတ်ဆွေ။

၄။ အတုပြု၍ လှည့်စားသော မိတ်ဆွေ။

၅။ ပြောင်လိမ်၍ လှည့်စားသော မိတ်ဆွေ။

၆။ အနိုင်ကျင့်တတ်သော မိတ်ဆွေ။

## မိတ်ဆွေတု ၁၆ - ယောက်

### (က) အညဒတ္ထုဟာရ မိတ်ဆွေတု ၄ - ယောက်

၁။ မိမိကဘာမျှ မပေးဘဲ မိမိကသာ ရအောင်ယူသူ။

၂။ မိမိကနည်းနည်းပေးပြီး များများကြီး ရအောင်ယူသူ။

၃။ ကိုယ့်ကိစ္စကြုံမှ မိတ်ဆွေဖွဲ့လာသူ။ (ယခင့် ယခင် နေ့ရက်တို့၌ တွေ့နေမြင်နေပါလျက် မသိသလိုနေပြီး ကိုယ့်ကိစ္စကြုံလာမှ မိတ်ဆွေလာဖွဲ့ခြင်းကို ဆိုလိုသည်။)

၄။ ကိုယ့်ကျိုးကိုသာ ကြည့်၍ ပေါင်းသူ။

(ဤ ၄ - ယောက်ကိုအညဒတ္ထုဟာရ မိတ်ဆွေတု ၄ - ယောက်ဟု ခေါ်သည်။)

### (ခ) ဝစီပရမ မိတ်ဆွေတု ၄ - ယောက်

၁။ အတိတ်ဖြင့် လောကွတ်ပြုသူ။ (အရင်နေ့တွေက မင်းကို ကျွေးဖို့. ပေးဖို့ မျှော်နေတာ မင်းကမလာဘူး။ ယခုတော့ ဘာမျှမရှိတော့ဘူးဟု လောကွတ်ပြုသူ။ အမှန်မှာ ယခင်နေ့တွေကလည်း ကျွေးဖို့ ပေးဖို့ စိတ်ကူးမရှိ။ ယခုလည်း ကျွေးဖို့ ပေးဖို့ ရှိပါလျက် မကျွေးချင်. မပေးချင်၍ ယခင်နေ့တွေကို လွှဲရှောင်ပြောခြင်းဖြစ်သည်။)

၂။ အနာဂတ်ဖြင့် လောကွတ်ပြုသူ။ (နောင်ကျလျှင် မင်းကို

ကျွေးပါမယ်၊ ပေးပါမယ်။ အခုတော့ ဘာမျှမရှိတော့ဘူး ဟုယခုကျွေးစရာ ပေးစရာရှိပါလျက် မကျွေးချင်, မပေးချင်၍နောက်နောင်ကို လွှဲရှောင်ပြောခြင်းဖြစ်သည်။ နောင်လည်း ကျွေးဖို့ ပေးဖို့ စိတ်ကူးမရှိပေ။)

၃။ အကျိုးမရှိသော စကားဖြင့် ချီးမွမ်းသူ၊
(အလွန်ကောင်းသော ပုဆိုးကိုဝတ်လျက် "ဒီပုဆိုးဟာ သူငယ်ချင်းနဲ့ သိပ်လိုက်ဖက်တယ်။ ဒါပေမယ့် ငါ့မှာ ဒီပုဆိုးမှတစ်ပါး တခြားပုဆိုးမရှိဘူးကွာ" ဟု မပေးချင်ဘဲလျက် ပေးချင်သလိုလို လောကွတ်ပြုခြင်းတည်း။)

၄။ ကိစ္စကြုံလာ၍ အကူအညီ တောင်းသောအခါ ဟိုဟာ ဒီဟာ အကြောင်းပြ၍ ရှောင်ဖယ် ငြင်းပယ်သူ၊
(အရေးကိစ္စကြုံ၍ လှည်းငှားဖို့ ပြောသောအခါ လှည်းရှိသော်လည်း မငှားချင်သဖြင့် ဝင်ရိုးနာနေသလိုလို, လှည်းဘီးက ကျိုးနေသလိုလို ပြောပြီး မကူညီဘဲ ရှောင်လွှဲနေခြင်းမျိုးတည်း။)

(ဤ ၄ - ယောက်ကို ဝစီပရမ မိတ်ဆွေတု ၄ - ယောက် ဟု ဆိုရသည်။ ဝစီပရမ = နှုတ်သာပါ၍ လက်မပါသော မိတ်ဆွေဟု ဆိုလိုသည်။)

(ဂ) အနုပိယဘာဏီ မိတ်ဆွေတု ၄ - ယောက်

၁။ မကောင်းမှု ပြုသည်ကို ခွင့်ပြုသူ။(မတားသူ)

၂။ မိမိအင်အားနှင့် မလျော်ညီသော ကုသိုလ်မျိုးကို ပြု လုပ်ရာ၌ ကျိုးကြောင်း မဆင်ခြင်ဘဲ အရမ်းကာရော တိုက်တွန်း အားပေးသူ။

(ဤ၌ ကောင်းမှုပြုခြင်း ဖြစ်သော်လည်း ထိုလူနှင့်မတန်သော ကုသိုလ်မျိုးဖြစ်က ကျိုးကြောင်းပြပြီး မလုပ်ဖို့ တားမြစ်ရမည်။ ဥပမာ = ငွေ တစ်သောင်းလောက်သာ အင်အားရှိသောသူက ဟိုက ဒီက ကြွေးယူပြီး ငွေတစ်သိန်းလောက်ကုန်မည့် အလှူမျိုးကို လှူမည်ဟု တိုင်ပင်လာလျှင် ထိုကုသိုလ်မျိုး မပြုဖို့ တားမြစ်ရမည်။ ကိုယ်ရှိသည့်အင်အားနှင့် သင့်လျော်ရုံသာ ပြုသင့်သည်ဟု ကျိုးကြောင်းပြောပြ နားချရမည်။ ထိုသို့မဟုတ်ဘဲ "ကောင်းတာလုပ်တာပဲ" ဟု အရမ်းကာရော ခွင့်ပြုခြင်း, တိုက်တွန်းခြင်းသည် မိတ်ဆွေကောင်းတို့၏ အင်္ဂါမဟုတ်ပေ။)

၃။ မိတ်ဆွေရှေ့၌သာ မိတ်ဆွေကို ချီးမွမ်းခြင်း။

၄။ မိတ်ဆွေကွယ်ရာ၌ မိတ်ဆွေအပြစ်ကိုပြောသူ။

(ဤ၄ - ယောက်ကို အနုပိယဘာဏီ မိတ်ဆွေတု ၄ -

ယောက်ဟုခေါ်သည်။ အလိုလိုက် အကြိုက်ပြောသည့် မိတ်ဆွေ - ဟုခေါ်သည်။)

(ဃ) အပါယသဟာယ မိတ်ဆွေတု ၄ - ယောက်

၁။ သေရည်အရက် မူးယစ်ဆေးဝါး သုံးစွဲရာ၌ စိတ်တူ ကိုယ်တူပါဝင်သူ။

၂။ ညမိုးချုပ် သန်းခေါင်သွားလာလည်ပတ်ခြင်း၌ စိတ်တူ ကိုယ်တူ ဖြစ်သူ။

၃။ ပွဲလမ်းသဘင် အပျော်အရွှင်၌ စိတ်တူကိုယ်တူဖြစ်သူ။

၄။ ကြွေအန်ကစားခြင်း, ဖဲကစားခြင်း, ဂျင်ထိုးခြင်းစသော လောင်းကစားပွဲ၌ စိတ်တူကိုယ်တူ ပါဝင်သူ။

(ဤ ၄ - ယောက်ကို အပါယသဟာယ မိတ်ဆွေတု ၄-ယောက်ဟု ခေါ်သည်။ ပျက်စီးကြောင်း၌ အတူ ပါဝင်သည့် မိတ်ဆွေဟု အဓိပ္ပါယ်ရသည်။)

စုစုပေါင်း (၁၆) ယောက်။

## မိတ်ဆွေအစစ် ၁၆ - ယောက်

### ဥပကာရမိတ်ဆွေစစ် ၄ - ယောက်

၁။ ဘေးအန္တရာယ် မရောက်အောင် စောင့်ရှောက်တတ်သူ။

၂။ သူငယ်ချင်း မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို ဆုံးပါးပျောက်ပျက် မသွားအောင် စောင့်ရှောက်သူ။

၃။ ကြောက်လန့်စိတ်, စိုးရိမ်စိတ်, အားငယ်စိတ် ဖြစ်သောအခါ အားပေးနှစ်သိမ့်တတ်သူ။

၄။ တစ်စုံတစ်ရာ ငွေကြေးကိစ္စ ကြုံလာပါက နမြောတွန့်တိုမရှိ အားတက်သရော ပေးကမ်းထောက်ပံ့ပေးတတ်သူ။

(ဤမိတ်ဆွေ ၄ - ယောက်ကား ဥပကာရ မိတ်ဆွေစစ်ဟုခေါ်သည်။ မိမိအပေါ် ကျေးဇူးပြုသည့် မိတ်ဆွေဟုခေါ်သည်။)

### သမာနသုခဒုက္ခ မိတ်ဆွေစစ် ၄ - ယောက်

၁။ မိမိ၏လျှို့ဝှက်ကိစ္စကို ထုတ်ဖော်ပြောကြား၍ တိုင်ပင်တတ်သူ။

၂။ မိတ်ဆွေ၏လျှို့ဝှက်ချက်ကို သစ္စာရှိရှိ စောင့်ထိန်းသူ။

၃။ ဘေးအန္တရာယ် ကြုံသောအခါ စွန့်ခွါမသွားသူ။

၄။ မိတ်ဆွေအတွက် အသက်ကိုပင် စွန့်နိုင်သူ။

(ဤ ၄-ယောက်ကို သမာနသုခဒုက္ခ မိတ်ဆွေဟု ခေါ်သည်။ ချမ်းသာအတူ ဆင်းရဲအမျှ အေးအတူ+ပူအမျှ နေထိုင်တတ်သည့် မိတ်ဆွေဟု ဆိုလိုသည်။)

အတ္ထက္ခာယီ မိတ်ဆွေစစ် ၄-ယောက်

၁။ မကောင်းမှုပြုလျှင် တားမြစ်သူ။

၂။ ကောင်းမှုပြုဖြစ်အောင် တိုက်တွန်းသူ။

၃။ မကြားဖူးသော တရားစကားနှင့် ကြီးပွားချမ်းသာကြောင်း စကားတို့ကို ပြောကြားတတ်သူ။

၄။ နတ်ရွာရောက်ကြောင်း လမ်းကောင်း ကျင့်စဉ်တို့ကို ပြောပြတတ်သူ။

(ဤ ၄ - ယောက်ကို အတ္ထက္ခာယီ မိတ်ဆွေဟု ခေါ်သည်။ အကျိုးရှိသည်ကိုသာ ပြောတတ်သည့် မိတ်ဆွေဟု ဆိုလိုသည်။)

အနုကမ္ပက မိတ်ဆွေစစ် ၄-ယောက်

၁။ မိတ်ဆွေနှင့် မိတ်ဆွေ၏ မိသားစု ဆင်းရဲခြင်းကို မလိုလားသူ။

၂။ မိတ်ဆွေနှင့် မိတ်ဆွေ၏ မိသားစု ကြီးပွားချမ်းသာခြင်းကို လိုလားသူ။

၃။ မိတ်ဆွေ၏ အပြစ်ကို ပြောလာလျှင် တားမြစ်သူ။

၄။ မိတ်ဆွေ၏ ဂုဏ်ကျေးဇူးကို တစ်စုံတစ်ယောက်က ပြောလာလျှင် ထောက်ခံ၍ ထိုသူကို ချီးမွမ်းသူ။

(ဤ ၄ - ယောက်ကို အနုကမ္ပက မိတ်ဆွေဟု ခေါ်သည်။ သနားစောင့်ရှောက်တတ်သည့် မိတ်ဆွေဟု ဆိုလိုသည်။)

စုစုပေါင်း (၁၆) ယောက်။

ဘုရားရှင် ဟောတော်မူခဲ့သည့် မိတ်ဆွေတု ၁၆ - ယောက်. မိတ်ဆွေစစ် ၁၆ - ယောက်တို့၏ သဘောကိုကြည့်ရှုသုံးသပ်ပြီးလျှင် မိမိ၏ သူငယ်ချင်းမိတ်ဆွေတို့သည် မိတ်ဆွေတု၌ ပါသလား၊ မိတ်ဆွေစစ်၌ ပါသလားဟု ဆုံးဖြတ်နိုင်ကြပါစေ။

မိတ်ဆွေဟုတို့ကို ရှောင်၍ မိတ်ဆွေစစ်တို့ကိုသာ ပေါင်းသင်းနိုင်ကြပါစေ။ မိမိတို့ ကိုယ်တိုင်လည်း မိတ်ဆွေတု၌ မပါစေဘဲ မိတ်ဆွေစစ်၌သာ ပါအောင် ကြိုးစားနိုင်ကြပါစေ။

အပေါင်းအသင်း မှားသူသည် စာရိတ္တပျက်စီးပြီး ဤဘဝတွင်လည်း ဂုဏ်ပျက်. နာမည်ပျက်၊ ဘဝအဆက်ဆက်

တွင်လည်း အောက်တန်းစား ဘဝတို့၌သာ ဖြစ်ရပြီး လူချင်းမတူ သူချင်းမမျှ ဖြစ်တတ်ပေသည်။

အပေါင်းအသင်း သူငယ်ချင်း မိတ်ဆွေကောင်း ရှိသူတို့ကား ဤဘဝ၌လည်း ဂုဏ်တက် ဘဝအဆက်ဆက်လည်း အထက်တန်းစား ဘဝတို့၌သာ ဖြစ်ကြရပေမည်။

ထို့ပြင် မိတ်ကောင်းဆွေကောင်း ရှိသူသည် ကုသိုလ်အဖြစ်များ၍ မိတ်ဆွေအတုရှိသူသည် အကုသိုလ်သာ အဖြစ်များသောကြောင့် ကုသိုလ်ကံ တိုးပွားကြောင်းဖြစ်သော မိတ်ကောင်းဆွေကောင်းကို ပေါင်းသင်း၍ အကုသိုလ်ကံ တိုးပွားကြောင်းဖြစ်သော မိတ်ဆွေအတုတို့ကို ဝေးဝေးက ရှောင်ကြဉ်နိုင်ကြပါစေကုန်သတည်း။

ဆောင်ပုဒ်

မကောင်းမိတ်ဆွေ၊ ပေါင်းသင်းလေ၊ မသွေပျက်စီးမည်။
မိတ်ဆွေပေါင်းသင်း၊ ကောင်းတုံးလျှင်း၊ မယွင်းချမ်းသာမည်၊

သုတေသနစာကြည့်တိုက်

ကောင်းကျိုး ချမ်းသာမှန်သမျှကို
ကုသိုလ်ကံက စီမံခြယ်လှယ်သည် ။

ဆင်းရဲဒုက္ခမှန်သမျှကို
အကုသိုလ်ကံက စီမံခြယ်လှယ်သည် ။

**ဓမ္မဒါနကုသိုလ်ရှင်**

မန္တလေးမြို့
ချမ်းအေးသာစံမြို့နယ် ၊ ပဒေသာပင်ဝင်းရပ် ၊
၈၁×၈၂လမ်းကြား၊ ၃၁×၃၂လမ်းကြား

**ဒေါက်တာဦးမာကျော်+ဒေါ်လှလှဒွေး**

သားသမီးများဖြစ်ကြသော

**ဒေါက်တာအောင်သူမိုး ၊ မောင်နေရဲအောင်**

**မသက်ထားဇော ၊ မသူဇာဇော**

**မိသားစုကောင်းမှု**

ဣဒံ မေ ပုညံ ပညာပါရမိယာ ပစ္စယော ဟောတု။

Graphic Design
mgmglinnsay & shwethar-2011-MDY